ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ သောကြာနေ့၊ (16-2-2007) (၅၂၃၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနအတွင်းဝန်အား လက်ခံတွေ့ဆုံ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V.K. Duggal အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V. K. Duggal အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုတို့ တက်ရောက်ကြပြီး ဧည့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန်နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskear Kumar Mitra လည်း တက်ရောက်သည်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. V.K. Duggal အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၅–၂–၂၀၀၇)

မင်းကင်း
၁ ဒသမ ၀၂ လက်မ

ကလေး
၀ ဒသမ ၉၀ လက်မ

ကလေးဝ
၀ ဒသမ ၈၃ လက်မ

ဟားခါး
၀ ဒသမ ၇၀ လက်မ

ခန္တီး
၀ ဒသမ ၆၇ လက်မ

မော်လိုက်
၀ ဒသမ ၆၂ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆-၂-၂၀၀၇ (သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုယ်ပိုင်စွမ်းအားများ အစွမ်းကုန်အသုံးပြု ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတစ်ဝန်းတွင် သဘာဝစွမ်းအား အခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်း ၁၆ ခုကို တည်ဆောက်လျက်ရှိသည်။

ပဲခူးတိုင်း စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရဲနွယ်စီမံကိန်း အပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ကိုးခုကို လေ့လာအကောင်အထည်ဖော်နေသည်။ ဧရာဝတီမြစ်အထက်ပိုင်း၌ ရဲရွာ၊ ရွှေလီ၊ သဖန်းဆိပ်၊ မုန်းချောင်းစီမံကိန်း အဆင့်ဆင့်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အလားတူ ချင်းတွင်းမြစ်ဝှမ်း၌လည်း ထမံသီ၊ မဏိပူရနှင့် မြစ်သာ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ မော်လိုက်နှင့် ရွှေစာရေး စီမံကိန်းတို့ကိုလည်း ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

ထို့အတူ သံလွင်မြစ်ဝှမ်း၌ ကျိုင်းတောင်းနှင့်သံလွင် တာဆန်း စီမံကိန်းတို့ကို အကောင်အထည်ဖော်နိုင်ရန် စတင်ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်း မြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်းနှင့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေသယံဇာတအရင်းအမြစ်များကို လေ့လာတိုင်းတာပြီး ကိုယ်ပိုင်စွမ်းအားဖြင့် အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရန် ကြိုးပမ်းလျက်ရှိနေသည်။

ထို့အပြင် ဇော်ဂျီ၊ ဇော်ဂျီ၊ သဖန်းဆိပ်၊ ရဲနွယ်စသည့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်နိုင်သော အတွေ့အကြုံကောင်း၊ အောင်မြင်မှုရလဒ်ကောင်းများသည် နိုင်ငံတော်အတွက် ခွန်အားသစ်များဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်၌ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းထူထောင်နေချိန်၊ စိုက်ပျိုးရေးတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်ဖြစ်ရာ ရေသယံဇာတအရင်းအမြစ်များကို အစွမ်းကုန် ဖော်ထုတ်အသုံးပြုပြီး ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်ဖော်ဆောင်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ဖြန့်ဖြူးပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် နီလာလမ်း (၁၃)ရပ်ကွက်နေ ဦးကျော်တင့်-ဒေါ်လှလှနှင့် သား သမီး မြေးတစ်စုတို့က ငွေကျပ် ၁၂၀၀၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်**

အစည်းအဝေး တက်ရောက်

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေး၊ (၂၂) ကြိမ်မြောက်အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များသို့ တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းတွင် (၁၂) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်ချုလာနွန်က အဖွင့်မိန့်ခွန်းပြောကြားဖွင့်လှစ်သည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် (၅)ကြိမ်မြောက်အာဆီယံနှင့်တရုတ် ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ပြီး ညနေပိုင်းတွင် (၄)ကြိမ်မြောက် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီး များအစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဆွေးနွေးဖက် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများနှင့်အတူ ဒေသတွင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ဘက်စုံပို့ဆောင်ရေး အဆောက်အအုံ ဆက်နွယ်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ ပို့ဆောင်မှုလွယ်ကူချောမွေ့ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး၊ ပို့ဆောင်ရေး ကဏ္ဍနှင့် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း ပေါင်းစည်းရေးနှင့်လွယ်ကူချောမွေ့ရေး၊ လေကြောင်းနှင့် ရေကြောင်းကဏ္ဍတွင် ဖြေလျှော့မှုများ တိုးချဲ့ရေး၊ ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော လေကြောင်းပို့ဆောင်ရေး ဈေးကွက်ဖြစ်ထွန်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ရေးထိုး

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ နိုင်ငံဖြတ်ကျော်လမ်းများနှင့် အထောက်အကူပစ္စည်းများ သတ်မှတ်ချက် အခြေပြစာချုပ်နှင့် အာဆီယံ ဝန်ဆောင်မှု ကုန်သွယ်ရေးဘောင် သဘောတူစာချုပ်အရ ပဉ္စမအသုတ် လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း ဖြေလျှော့မှုကမ်းလှမ်းချက်များကို အကောင်အထည်ဖော်မည့် အခြေပြစာချုပ် တို့ကို လက်မှတ်ရေးထိုးသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်၊ ရေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြည်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့မှ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိကြသည့် ဘဒ္ဒန္တဝိစိတ္တ (မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး)၊ဘဒ္ဒန္တ သြဘာသာဘိဝံသ(ရေနံချောင်းကျောင်း မိုးကောင်းတိုက်)၊ဘဒ္ဒန္တ သာဂရာဘိဝံသ (သာယာဝင်းကျောင်း မြတောင်တိုက်)တို့အား မန္တလေးအသင်း (ရန်ကုန်)က ဂုဏ်ပူဇော်ပွဲသဘင်ကို မတ် ၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် မန္တလေးအသင်း (ရန်ကုန်) ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အခြေခံ အသက်အထောက်အကူပြုနည်း နည်းပြသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံအသက်အထောက်အကူပြုနည်း နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ အသက်အထောက်အကူပြုနည်း နည်းပြသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေ၊ အမှုဆောင်အဖွဲ့ဝင် ဦးထွန်းမြင့်၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် သင်တန်းဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Jennifer Anne Jolly နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ကျန်းမာရေး ညှိနှိုင်းရေးမှူး Ms. Michele Jotterand နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ကျန်းမာရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Jennifer Anne Jollyက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှသင်တန်းသား၊ သင်တန်းသူ ၃၈ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေစေတီ့သည်တို့ တွေ့ကြုံခံစား မြန်မာ့စိတ်ထား၊ မြန်မာ့နှလုံးသား

အောင်နိုင်ဦး(ကြေးမုံ)

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ ယခုနှစ် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုမှာ ယခင်နှစ်များကထက် ပိုမိုကောင်းမွန်လာခြင်းကြောင့် အခြေအနေကောင်းများ ရရှိနေကြောင်း သတင်းကောင်းများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အသိုင်းအဝိုင်းများမှ ကြားသိရသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှာ သဘာဝအတိုင်း ပကတိ အလှမပျက် ရှိနေသေးသော မြန်မာ့ရေမြေတောတောင် ပင်လယ်ကမ်းခြေရှုခင်းများနှင့် အစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဒေသများပေါ်တွင် အခြေစိုက် လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်စရာအဖြစ် အချို့နိုင်ငံများတွင် ဖန်တီးထားလေ့ရှိသော အရာများ မြန်မာနိုင်ငံတွင်မရှိ။ Disney Land မရှိ။ Casino မရှိ။ ညပျော်ပွဲ (Night Life)များ မရှိ။ ကမ္ဘာလှည့်ခရီးသည်တို့၏ အိတ်ကပ်ထဲ၌ ပါလာသော ငွေကြေးတို့ကို ချူ၍ သဲ့ယူ ဖဲ့ယူရန် အတတ်ပညာနှင့် ရင်းနှီးမှုမျိုး မြန်မာနိုင်ငံတွင်မရှိ။

သည်ကြားထဲတွင်မှ မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် မမှန်မကန်သတင်းများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများ၊ အမနာပသတင်းများက ကမ္ဘာ့နိုင်ငံကြီးအချို့၏ မီဒီယာအမျိုးမျိုးမှနေ၍ ကမ္ဘာ့ဒေသများသို့ ပျံ့နှံ့နေခဲ့သည်။ စေတနာဆိုးဖြင့် ထုတ်လွှင့်ခဲ့သော သတင်းမှားများကို ဟုတ်နိုးနိုးထင်၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် မလာဝံ့ဝံ့၊ လာဝံ့ဝံ့ ဖြစ်နေခဲ့ကြရသူများစွာ ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် မြန်မာနိုင်ငံသို့ လာရောက်ကြသူ ခရီးသည်များမှာ မြန်မာ့မြေပေါ်ခြေချမိသည်နှင့် သူတို့ကြားသိခဲ့ရသော သတင်းမှားများနှင့် ပကတိအရှိတရားတို့ လွန်စွာ ကွာခြားနေကြောင်း ကိုယ်တွေ့ကြုံကြရသည်။ တည်ငြိမ်အေးချမ်းစွာ သဘာဝမပျက် လှပနေသော "ရွှေနိုင်ငံ"၏ အလှတရားကို အသိအမှတ်ပြုကြရသကဲ့သို့ ဧည့်သည်ကို ဦးစားပေးတတ်သော၊ ဧည့်သည်အပေါ် အလေးထားတတ်သော၊ ဧည့်သည်ကို ကူညီတတ်သော မြန်မာတို့၏နှလုံးသားကိုလည်း လေးစားစွာ သိရှိနားလည်ခွင့်ရကြသည်။ "မြန်မာ့စိတ်ရင်း ကူညီခြင်း"ဟူသော ဆောင်ပုဒ်တစ်ခုရှိသည်။ ဤသည်မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရည်ရွယ်သော ဈေးကွက်ဝင်ဆောင်ပုဒ်မည်ကာမတ္တမျှသာ မဟုတ်ကြောင်း ဖြစ်ရပ်မှန်သတင်းတစ်ခုက သက်သေပြုထားသည်။ ဤသတင်းမျိုး ယခင်ကလည်းဖြစ်ခဲ့၊ ယခုလည်းဖြစ်ဆဲ၊ နောင်လည်း ဖြစ်နေဦးမည်။

ဖေဖော်ဝါရီလ ၆ရက်နေ့ ညဦးပိုင်းတွင်ဖြစ်သည်။ ကြေးမုံသတင်းစာတိုက်သို့ မြန်မာအမျိုးသားကြီးတစ်ယောက်နှင့် အနောက်နိုင်ငံသားလူငယ် ဧည့်သည်နှစ်ယောက်တို့ ရောက်လာကြသည်။ သူတို့ရောက်လာရသည့် အကြောင်းမှာ နိုင်ငံခြားသားဧည့်သည်၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားခြင်းကြောင့် ကြော်ငြာထည့်ရန် ဖြစ်သည်။ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသူ လူငယ်မှာ လွန်စွာ ပူပင်သောကရောက်နေပုံရသည်။

အဆိုပါ လူငယ်၏အမည်မှာ Enrique ဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် သူနှင့်အတူ Daniel, Alfonso, Ricardo နှင့် Javier တို့လည်း ပါလာသည်။ သူတို့သည် စပိန်နိုင်ငံ မဒရစ်မြို့မှ IBERIA လေကြောင်းလိုင်းတွင် အလုပ်လုပ်ကိုင်နေကြသူ လူငယ်များဖြစ်ကြပြီး အသက်အားဖြင့် အငယ်ဆုံးမှာ (၂၉)နှစ် ဖြစ်၍

ပတ်စ်ပို့နှင့် ကင်မရာများ ပျောက်ဆုံးခဲ့ရာမှ ပြန်လည်ရရှိ၍ ဝမ်းသာပျော်ရွှင်ခဲ့ရသူ အင်းန်ရစ် (ယာအစွန်)၊ ဦးဇော်ဝင်း (May Fair Inn) (ယာမှဒုတိယ)နှင့် စပိန်လူငယ် ကမ္ဘာလှည့်ခရီးသည်များအား တွေ့ရစဉ်။

အကြီးဆုံးမှာ (၃၇)နှစ်ဖြစ်သည်။ ရန်ကုန်မြို့သို့ ဆိုက်ရောက်လာပြီးနောက် ၃၈ လမ်းရှိ May Fair Inn တွင် တည်းခိုကြသည်။

"ရောက်ရောက်ချင်းနေ့ပဲ ညနေ ၅ နာရီလောက်မှာ သူတို့ ရွှေတိဂုံဘုရားကို သွားကြတယ်။ ဘုရားရင်ပြင်တော်ပေါ်ကနေ နေဝင်ချိန်ရှုခင်းကို ရင်သပ်ရှုမော ခံစားပြီးတော့ ကြည့်ကြတယ်။ အေးအေးဆေးဆေး အနားယူကြတယ်။ ဘုရားဝတ်ပြုတာ၊ ဆုတောင်းတာတွေကိုကြည့်ပြီး ကြည်ကြည်နူးနူး ခံစားကြရတယ်လို့လည်း ပြောပါတယ်။ ဘုရားပေါ်က ပြန်ဆင်းလာကြပြီးတဲ့နောက် တက္ကစီငှားစီးပြီး မြို့ထဲကိုပြန်လာ၊ ဆူးလေမှာ ဆင်းကြတယ်။ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့လယ်မှာ လျှောက်ကြည့်မလို့ဘဲ။ အဲဒီအချိန်မှာ အင်းန်ရစ်က သူ့အိတ်ပါမလာဘူးဆိုတာ သတိပြုမိတယ်။ ဘုရားပေါ်မှာ ကျန်ခဲ့တယ်လို့ထင်ပြီး ဘုရားကို နောက်တစ်ခေါက် ပြန်သွားရှာကြတယ်။ ရှာမတွေ့ကြတော့ဘူး။ အိတ်ထဲမှာ ဆိုနီဗီဒီယိုကင်မရာတစ်လုံး၊ ဒစ်ဂျစ်တယ် ကင်မရာတစ်လုံး၊ စပိန်နိုင်ငံသား မှတ်ပုံတင်ကတ် တစ်ခု၊ နိုင်ငံကူးလက်မှတ်တစ်ခုနဲ့ အမေရိကန်ဒေါ်လာ ၇၀ တို့ ပါသွားတယ်။ ဒါနဲ့ပဲ ဘုရားဂေါပကကို သတင်းပို့၊ ဒဂုံမြို့နယ် ရဲစခန်းကိုလည်း တိုင်ကြားခဲ့တယ်။ အားလုံးကလည်း သူတို့ကို စိတ်ရောကိုယ်ပါ အကူအညီပေးကြပါတယ်"ဟု May Fair Inn ပိုင်ရှင် ဦးဇော်ဝင်းက ပြောကြားသည်။

> **မြန်မာနိုင်ငံသို့ လာရောက်ကြသူ ခရီးသည်များမှာ မြန်မာ့မြေပေါ် ခြေချမိသည်နှင့် သူတို့ကြားသိခဲ့ရသော သတင်းမှားများနှင့် ပကတိ အရှိတရားတို့ လွန်စွာ ကွာခြားနေကြောင်း ကိုယ်တွေ့ကြုံကြရတော့သည်။**

ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့် တကွ ကြော်ငြာဌာနမှ ဝန်ထမ်းများ၏ ကူညီမှုဖြင့် ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် အင်းန်ရစ်၏ စပိန်နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားကြောင်းနှင့် တွေ့ရှိ၍ ပြန်လည်ပေးအပ်သူကို ထိုက်ထိုက်တန်တန် ကျေးဇူးတုံ့ပြန်ပါမည့်အကြောင်း ကြော်ငြာတိုလေးတစ်ခု ပါရှိသွားသည်။

"သတင်းစာဖတ်ပရိသတ်တွေ သတင်းစာဖတ်ပြီးတဲ့ အချိန်လောက်မှာ ထူးခြားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေခဲ့တယ်။ နေ့လယ် ၁၂ နာရီလောက်ကစပြီး ဖုန်းကို ကျွန်တော်မျှော်နေတယ်။ မျှော်လင့်ထားတဲ့ အတိုင်းပဲ မွန်းလွဲ ၁ နာရီခွဲလောက်မှာ ဖုန်းဝင်လာတယ်။ အင်းန်ရစ်ရဲ့ Passport နဲ့ ပစ္စည်းတွေကို ရထားတဲ့ တက္ကစီယာဉ်မောင်းတစ်ဦးက May Fair Inn ကို ဆက်သွယ်လာပါတယ်။ သူတို့က ဘုရားပေါ်မှာ ကျန်ခဲ့တယ်လို့ထင်ပေမယ့် တကယ်တော့ တက္ကဆီပေါ်မှာ ကျန်ခဲ့တာကိုး။ ပစ္စည်းတွေပြန်ရပြီဆိုတဲ့ သတင်းလည်းကြားရော ဝမ်းသာပျော်ရွှင်လွန်းလို့ သူတို့အဖွဲ့လည်း ထခုန်ကြပြီး ဆူညံနေတာပါပဲ"ဟု ဦးဇော်ဝင်းက ထိုနေ့တွင် ဖုန်းဆက်၍ ပြောသည်။

စပိန်နိုင်ငံသား လူငယ်များအနေဖြင့် ၎င်းပစ္စည်းများ ပြန်ရလိမ့်မည်ဟု မျှော်လင့်မထားကြကြောင်း၊ သတင်းစာကြော်ငြာမှတစ်ဆင့် ဤသို့ အကျိုးရလဒ်များ ဖြစ်ပေါ်လာသည်ကိုလည်း လွန်စွာ အံ့အားသင့်ကြကြောင်း၊ ၎င်းတို့နိုင်ငံတွင်ဆိုလျှင် ပြန်ရဖို့မလွယ်ကူကြောင်း၊ သတင်းစာများကိုလည်း လူများက ဂရုတစိုက် ဖတ်လေ့မရှိကြောင်း၊ မြန်မာတို့၏ ရင်းနှီးနွေးထွေးစွာ ကူညီမှု၊ ရိုးသားမှုတို့ကို များစွာ အသိအမှတ်ပြုကြကြောင်း ဦးဇော်ဝင်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီလ ၇ရက်နေ့ မွန်းလွဲပိုင်းတွင် အင်းန်ရစ် မေ့ကျန်ခဲ့သော ပစ္စည်းများကို ရရှိထားသည့် တက္ကစီဆရာ May Fair Inn သို့ ရောက်လာပြီး ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။ မပျောက်ဆုံးမီက အတိုင်းပင် တစ်ခုမကျန် ပြန်ရသည်။ မိမိတို့ မြန်မာများမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများဖြစ်ကြောင်း၊ ဗုဒ္ဓ၏ အဆုံးအမအတိုင်း လောဘသက္ကာယ တွယ်ငြိမှုနည်းပါးအောင် ကျင့်ကြံနေထိုင်ကြကြောင်း၊ ငါးပါးသီလကိုလည်း စောင့်ထိန်းကြပါကြောင်း၊ မိမိအနေဖြင့်လည်း ဆင်းရဲသည့်တိုင်အောင် သူတစ်ပါး၏ပစ္စည်းကို မတရားယူလိုခြင်း အလျဉ်းမရှိပါကြောင်း တက္ကစီကားဆရာက စပိန်လူငယ်များကို ရှင်းလင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

အင်းန်ရစ်တို့အဖွဲ့သည် မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ နေထိုင်ကြမည်ဖြစ်ပြီး ပုဂံ- ညောင်ဦး၊ မန္တလေး၊ အင်းလေးနှင့် ချောင်းသာ ပင်လယ်ကမ်းခြေများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်ကြ ခြင်းဖြစ်ပြီး မြန်မာလူမျိုးများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှု၊ ဧည့်သည်အပေါ် အလေးအနက်ထား ကူညီမှုတို့ကို သိရှိခံစားကြရသည့်အလျောက် နောက်ထပ်လည်း အကြိမ်ကြိမ် လာရောက်လည်ပတ်လိုကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အနောက်လေစီးကြောင်းများအတွင်း ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းများကြောင့် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာစံတော်ချိန် ယနေ့ နံနက် ၂နာရီ ၂၃ မိနစ် ၄၆ စက္ကန့် အချိန် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၁၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို (နီးယစ်ကျွန်းဒေသ အင်ဒိုနီးရှားနိုင်ငံ) ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၅-၂-၂၀၀၇

မင်းတပ်	–	၈ ဒီဂရီစင်တီဂရိတ်
မန္တလေး	–	၁၈ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	–	၂၀ ဒီဂရီစင်တီဂရိတ်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းစကွဲယားတွင် နှင်းခဲများကျဆင်းမှုကြောင့် လမ်းပေါ်၌ နှင်းများဖုံးလွှမ်းနေသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်မည့် ဘုရှ်၏အစီအစဉ် အမေရိကန်ပြည်သူ ၁၀ဦးလျှင် ခြောက်ဦး ဆန့်ကျင်ကန့်ကွက်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဦးရေကို ကန့်သတ်ပြီး ၎င်းတပ်ဖွဲ့ဝင်များကို လာမည့်နှစ်ကုန်ပိုင်းတွင် ဌာနေသို့ပြန်လည်ခေါ်ယူစေမည့် အမေရိကန်အောက်လွှတ်တော်၏ အစီအစဉ်ကို အမေရိကန်အများစုက တစ်ခဲနက် ထောက်ခံကြကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ယူအက်စ်အေတုဒေး-ဂေါလပ်စ်စစ်တမ်း အဖွဲ့က ကောက်ယူသည့် လူထုသဘောထား စစ်တမ်းအရ သိရှိရသည်။

ဆန့်ကျင်

အီရတ်နိုင်ငံ တည်ငြိမ်စေရန်အတွက် တပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်မည့် အမေရိကန်သမ္မတဘုရှ်၏ အစီအစဉ်ကို လူ ၁၀ ဦးလျှင် ခြောက်ဦးက ဆန့်ကျင်ကန့်ကွက်ကြသည်။ ယင်းအရေအတွက်အတိုင်းပင် တပ်ဖွဲ့ဝင်များ နောက်ထပ်ပို့ရေးအတွက် အသုံးစရိတ်လျှော့ချဖြတ်တောက်ရန် ကြိုးပမ်းမှုကိုလည်း ဆန့်ကျင်ကြသည်။

လိုလား

အမေရိကန် အများစုအနေဖြင့် ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲကာလတွင် ပြောကြားခဲ့သည့်အတိုင်း ဘုရှ်၏ လက်ရှိမူဝါဒ ကိုဆန့်ကျင်ပြီး ယင်းကိစ္စအတွက် တစ်စုံတစ်ခုလုပ်ပေးရန် ၎င်းတို့က လိုလားနေကြသည်ဟု အမေရိကန်တက္ကသိုလ်မှ အောက်လွှတ်တော်ဆိုင်ရာနှင့် သမ္မတဆိုင်ရာ လေ့လာရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဂျိမ်စ်သာဘာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူတွင် လူဦးရေတိုးနှုန်းမြန်ဆန် မြေယာသုံးစွဲမှုကိုပြန်လည်သုံးသပ်

စင်ကာပူ ဖေဖော်ဝါရီ ၁၄

စင်ကာပူနိုင်ငံ၏ လူဦးရေသည် ၄၀ ရာခိုင်နှုန်း တက်လာပြီး ၆ ဒသမ ၅ သန်းအထိ ရောက်ရှိလာနိုင်သည့်အတွက် စီမံကိန်းချဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေတိုးတက်လာမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မြို့ပြနိုင်ငံဖြစ်သော စင်ကာပူနိုင်ငံ၏ ကန့်သတ်မြေယာများကို အကောင်းဆုံး အသုံးပြုနိုင်မည့် နည်းလမ်းကို သုံးသပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ လူဦးရေသည် မျှော်မှန်းထားသည်ထက် ပိုမိုလျင်မြန်စွာများပြားလာပြီး ယခုအခါ နိုင်ငံ၌ လူဦးရေ ၄ ဒသမ ၅ သန်းရှိကြောင်း၊ မြေယာအသုံးပြုမှုအတွက် ၁၀ နှစ်တာ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်လျက်ရှိကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဌာနဝန်ကြီး မာချ်ဘော်တန်က ပြောကြားသည်။

အခြေခံအဆောက်အအုံနှင့် မြေယာမလုံလောက်မှုဖြစ်လာလျှင် ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတားဖြစ်စေနိုင်ကြောင်း မာချ်၏ ပြောကြားချက်ကိုကိုးကား၍ သည်စထရိတ်တိုင်းမ် သတင်းစာက ဖော်ပြသည်။

- ပါဝင် -

တိုးတက်မှု ကဏ္ဍသစ်များအတွက် မြေယာအလွတ်များ ချန်လှပ်ထားခြင်း၊ ရထားလမ်း ကွန်ရက်နှစ်ဆတိုးချဲ့ခြင်း၊ ဥယျာဉ်ကြီးများဖန်တီးခြင်းနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အိမ်ရာခြံမြေများ တည်ဆောက်ပေးခြင်း လုပ်ငန်းများသည် အဆိုပြုချက်တွင် ပါဝင်သည်။

- တိုးလာ -

လွန်ခဲ့သော ခြောက်နှစ်တာကာလက စင်ကာပူနိုင်ငံလူဦးရေသည် ၃ဒသမ ၉သန်းမှ ၄ဒသမ၅သန်းအထိ တိုးတက်များပြားလာကြောင်း၊ ယင်းသို့ လူဦးရေတိုးတက်လာရခြင်းသည် ပြည်ပနိုင်ငံများမှ အလုပ်အကိုင် လာရောက်လုပ်ကိုင်သူနှင့် ပညာသင်ကြားသူ များလာခြင်းကြောင့်ဖြစ်ကြောင်း၊ မျက်မှောက် လူဦးရေတိုးတက်နှုန်းအတိုင်း ဆက်လက် တိုးတက်လျှင် စင်ကာပူနိုင်ငံ၏ လူဦးရေသည် နှစ် ၂၀အတွင်း ၆ဒသမ ၅သန်းဖြစ်လာနိုင်ကြောင်း မာချ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စပိန်နိုင်ငံ မဒရစ်မြို့ ရထားပေါ်တွင် ဗုံးဖောက်ခွဲခဲ့သူများအား တရားစွဲဆိုရန် လုံခြုံရေးအစောင့်အကြပ်များဖြင့် ရုံးထုတ်လာသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင်ပေါက်ကွဲမှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ ဒိုင်ယာလာပြည်နယ်ရှိ အဆောက်အအုံတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အဆိုပါ ပြည်နယ်တွင် လက်နက်သိုဝှက်ထားသည့်နေရာကို ရှာဖွေပြီး အဆောက်အအုံတစ်ခုကို ရှင်းလင်းရာ သောကြာနေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲ ၂၀၀၃ခုနှစ် မတ်လတွင်ဖြစ်ပွားခဲ့ပြီး နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၃၁၂၀ ထက်မနည်း ရှိသွားပြီဟု မီဒီယာသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရတနာဆိုင်အနုကြမ်းစီးသူသုံးဦး ဗီယက်နမ်၌ ဖမ်းဆီး

ဟန်ွိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်နိုင်ငံတေနန်ပြည်နယ်တောင်ပိုင်းရှိ ရတနာဆိုင်ကို အနုကြမ်းစီးသော ကမ္ဘောဒီးယားနိုင်ငံသား သုံးဦးကိုဗီယက်နမ်ရဲတပ်ဖွဲ့နှင့် ကမ္ဘောဒီးယားရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ ဆိုင်ဂွန်လွတ်မြောက်ရေးနေ့စဉ်သတင်းစာက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတန်ဘန်ဒေသ၌ ဗီယက်နမ်နိုင်ငံသားစုံတွဲပိုင် ခမ်သိုယာ ရတနာဆိုင်ကို အနုကြမ်းဝင်ရောက်စီးသောသူများက သေနတ်များဖြင့် ခြိမ်းခြောက်ပြီး အမေရိကန်ဒေါ်လာ ၂၆၀၀၀ ခန့်တန်ဖိုးရှိ ရွှေ၊ ငွေလက်ဝတ်ရတနာများကို ယူဆောင်သွားကြကြောင်း၊ ဖမ်းဆီးရမိသူသုံးဦးသည် အသက် ၃၄ နှစ်နှင့် ၃၆ နှစ်ကြားအရွယ်ရှိပြီး ဗီယက်နမ်နိုင်ငံ တေနန်ပြည်နယ်သို့ နယ်စပ်မှ ဖြတ်သန်းဝင်ရောက်လာခြင်းဖြစ်သည်။

ဓားပြများသည် ရတနာဆိုင်မှ မထွက်ခွာခင် ဆိုင်အနီးတစ်ဝိုက်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံသုံးဦး ဒဏ်ရာရရှိသွားသည်။

ဓားပြတိုက်မှုတွင်ပါဝင်သူ ခြောက်ဦးကိုလည်း နှစ်နိုင်ငံရဲတပ်ဖွဲ့က ရှာဖွေနေဆဲဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆေးခြောက်၄၅၂ကီလို တူရကီလုံခြုံရေးတပ်ဖွဲ့များ သိမ်းဆည်းရမိ

အန်ကာရာ ဖေဖော်ဝါရီ ၁၄

တူရကီနိုင်ငံအရှေ့ပိုင်း ဘင်ဂိုလ်မြို့တွင် မူးယစ်နှိမ်နင်းရေးဆောင်ရွက်နေစဉ် တူရကီလုံခြုံရေးတပ်ဖွဲ့က ဆေးခြောက် ၄၅၂ ကီလိုကို သိမ်းဆည်းရမိကြောင်း အနာတိုလီယာသတင်းဌာနက ဖေဖော်ဝါရီ ၁၂ရက်တွင် ဖော်ပြသည်။

ဘင်ဂိုလ်ဒေသ ဂျန်မြို့ဘူလ်ဂါလူရွာရှိ နေအိမ်ခြောက်လုံးကို လုံခြုံရေးတပ်ဖွဲ့များက ဝင်ရောက်ရှာဖွေရာဆေးခြောက်ခြောက် ၄၅၂ ကီလိုကို သိမ်းဆည်းရမိပြီး ခုနစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟားမတ်စ်နှင့်ဖာတာအဖွဲ့၏ သဘောတူညီချက်ကို ကူဝိတ်ဝန်ကြီးအဖွဲ့က ကြိုဆို

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၄

ပါလက်စတိုင်းအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် ဟားမတ်စ်နှင့် ဖာတာတို့၏ မက္ကာ သဘောတူညီချက်ကို ကူဝိတ်ဝန်ကြီးအဖွဲ့က တနင်္လာနေ့တွင် ကြိုဆိုလိုက်ပြီး မှန်ကန်သည့် လမ်းစဉ်အတိုင်း ဆောင်ရွက်သည့် အပြုသဘောရှိသော အစီအစဉ် တစ်ရပ်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားသည်။

ယင်းသဘောတူညီချက်က ပါလက်စတိုင်းလူမျိုးများအတွင်း ပေါ်ပေါက်နေသည့် သွေးချောင်းစီး သတ်ဖြတ်မှုများ အဆုံးသတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ညီညွတ်သည့် အမျိုးသားအစိုးရတစ်ရပ် ဖွဲ့စည်းခြင်းဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိနိုင်မည်ဟု ဝန်ကြီးအဖွဲ့က ပြောကြားသည်။ ထို့အပြင် ဝန်ကြီးအဖွဲ့က ဆော်ဒီအာရေဗျဘုရင်အဗ္ဗဒူအဇစ်ကို ရှေ့ဆောင်ရှေ့ရွက်ပြုသည့် အခန်းကဏ္ဍအတွက် ချီးကျူးသည်။

ပါလက်စတိုင်းမှ အဖွဲ့အစည်းများအနေဖြင့် ပါလက်စတိုင်း ပြဿနာကို ထောက်ခံကြပြီး သဘောတူညီချက်အတိုင်း ဖြည့်ဆည်းပေးခြင်းဖြင့် ပါလက်စတိုင်းပြည်သူ၊ပြည်သားများ၏ ဒုက္ခဝေဒနာခံစားမှု အဆုံးသတ်စေရန် အဆိုပါဝန်ကြီးအဖွဲ့က တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လုပ်သားအင်အား ထောင်ချီ၍ လျှော့ချရန် ပြင်ဆင်နေသော အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်ရှိ ခရိုက်စလာ မော်တော်ကားစက်ရုံကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင်သစ်ခုတ်လှဲမှုတားဆီးရေး နိုင်ငံတကာပူးပေါင်းရန် အင်ဒိုနီးရှားတိုက်တွန်း

ဂျကာတာ ဖေဖော်ဝါရီ ၁၄

တရားမဝင်သစ်ခုတ်လှဲမှုနှင့်တရားမဝင်သစ်ကုန်သွယ်မှု ဖယ်ရှားရှင်းလင်းရေးကိစ္စတွင် နိုင်ငံအားလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် အင်ဒိုနီးရှားနိုင်ငံက တိုက်တွန်းကြောင်း သစ်တောဝန်ကြီး ကာဆန်က ဘာလီကျွန်း နူဆာဒူအာဒေသတွင် သတင်းထောက်များသို့ အင်္ဂါနေ့က ပြောကြားသည်။ တရားမဝင်သစ်ခုတ်လှဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုကိစ္စရပ်ကို အင်ဒိုနီးရှားတစ်နိုင်ငံတည်းဖြင့် အောင်မြင်ရန် မဆောင်ရွက်နိုင်ဟု ကုလသမဂ္ဂ သစ်တောရေးရာ ဖိုရမ် အစည်းအဝေးတွင် ကာဆန်က ပြောကြားခြင်းဖြစ်သည်။

အင်ဒိုနီးရှားအနေဖြင့် သစ်တောများအပေါ် စီမံခန့်ခွဲရာတွင် တရားမဝင် သစ်ခုတ်မှုကို အခိုင်အမာ နှိပ်ကွပ်ခဲ့သော်လည်း နိုင်ငံတကာ၏ အကူအညီမရပါက ယင်းလုပ်ရပ်များသည် အဓိပ္ပာယ်ကင်းမဲ့နေမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

နယ်သာလန်နိုင်ငံတွင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်များအား ရှာဖွေစစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဂျာမန်နှစ်ဦး ပျောက်ဆုံးနေဟုဆို ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးပြောကြား

ဘာရ်လင် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံတွင် ဂျာမန်နှစ်ဦးပျောက်ဆုံးလျက်ရှိပြီး ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီး စတိန်းမီးယားက တနင်္လာနေ့တွင်ပြောကြားသည်။

သို့ရာတွင် ၎င်းက ပျောက်ဆုံးနေသူနှစ်ဦး၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဂျာမန်နှစ်ဦးမှာ အဓမ္မပြန်ပေးဆွဲခံရဖွယ်ရှိသည်ဟု ၎င်းက ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှပြန်ရောက်လာစဉ် သတင်းထောက်များကို ပြောကြားသည်။

လွတ်မြောက်ရေး

၎င်းတို့ လွတ်မြောက်ရေးအတွက် မိမိတို့ ဘက်ပေါင်းစုံမှ ဆောင်ရွက်နေသဖြင့် ၎င်းတို့နှစ်ဦး ဘေးမသီရန်မခ မိသားစုများထံသို့ ပြန်ရောက်မည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မိမိတို့အနေဖြင့် ဖော်ပြပါ ဂျာမန်နှစ်ဦးလွတ်မြောက်ရေးအတွက် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်နေသည်ဟု ဘာလင်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။ သို့သော် အသေးစိတ်ဖော်ပြခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်စေရန် ဆန်တန်ချိန် ၅၀၀၀၀၀ အင်ဒိုနီးရှား တင်သွင်းမည်

ဂျကာတာ ဖေဖော်ဝါရီ ၁၄

လာမည့်သီးနှံပေါ်ချိန်တွင် ရာသီဥတုကြောင့် စပါးသီးနှံဈေး ထိခိုက်လာနိုင်သည့် အခြေအနေကို တည်ငြိမ်မှုရှိစေရန်အတွက် အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်တွင် စပါးတန်ချိန် ၅၀၀,၀၀၀ကို ပြည်ပမှ တင်သွင်းသွားရန်ရှိသည်ဟု ဒုတိယသမ္မတ ယူစွတ်ကာလာက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

ပြည်တွင်း ကုန်စည်သိုလှောင်ရေးဌာန အကြီးအကဲ စီဂျနာကိုပါစ်ပိုရို၊ ကုန်သွယ်ရေးဝန်ကြီး မာရီအယ်ကာပင်ဂတ်စ်တူ၊ ပြည်တွင်းလုပ်ငန်းများဆိုင်ရာဝန်ကြီး ဆူဂီယာတိုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီး ဘိုဒီအိုနိုတို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကျဆင်းစေရန်

ဆန်တစ်ကီလိုလျှင် ရူပြား ၅၀၀၀ ဈေးပေါက်နေရာမှ တစ်ကီလိုလျှင် ရူပြား ၄၀၀၀သို့ ဈေးကျဆင်းလာစေရန် ရည်ရွယ်၍ ပြည်ပမှ ဆန်များ တင်သွင်းခြင်းဖြစ်သည်ဟု ဆိုသည်။

အစောပိုင်းကလည်း တာဝန်ရှိသူများသည် ဆန်တန်ချိန် ၂၅၀,၀၀၀ကို ပြည်ပမှ ဝယ်ယူခဲ့သေးသည်။ ထိုဆန်များသည် လာမည့်မတ်လတွင် အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိမည်ဖြစ်သည်။ လူဦးရေသန်း ၂၄၀ ရှိသော အင်ဒိုနီးရှားနိုင်ငံအတွက် ဆန်စပါးသည် အရေးပါသော ကုန်စည်ဖြစ်သည်။

လွန်ခဲ့သော လအတန်ကြာက နိုင်ငံအတွင်း၌ ရာသီဥတုဆိုးရွားခဲ့သဖြင့် ပြည်တွင်းစပါးထွက်ကို ထိခိုက်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီးရီးယား၊ အီရန် နယ်စပ်ဒေသများ အီရတ် ပိတ်ပင်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်အစိုးရက ယင်းနိုင်ငံနှင့် ထိစပ်နေသည့် ဆီးရီးယားနှင့် အီရန်နယ်စပ်ဒေသများကို ပိတ်ပင်ကြောင်း အင်္ဂါနေ့က ပြောကြားပြီး ဘဂ္ဂဒက်မြို့တော်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ထိန်းချုပ်နိုင်ရန်အတွက် အမေရိကန် ထောက်ခံအားပေးသည့် လုံခြုံရေးအစီအစဉ်အရ ဘဂ္ဂဒက်မြို့တွင် ညမထွက်ရ အမိန့်သတ်မှတ်ချက်နာရီကို တိုးမြှင့်ခဲ့သည်။

ယင်းအစီအစဉ်ကို ဝန်ကြီးချုပ် အယ်-မာလီကီက အမိန့်ထုတ်ပြန်ခြင်းဖြစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီး ကန်ဘာက ရုပ်မြင်သံကြားတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

အထက်ပါနယ်စပ်ဒေသများကို ၇၂ နာရီကြာ ပိတ်ပင်မည်ဟု ကြေညာသွားသည်။

တိုးမြှင့်

ဘဂ္ဂဒက်မြို့တော်တွင် မော်တော်ယာဉ်များ ည ၁၁ နာရီမှ နံနက် ၆ နာရီအထိ မထွက်ရ အမိန့်ထုတ်ပြန်ထားရာမှ ယခုအခါ ည ၈နာရီမှ နံနက် ၆ နာရီအထိ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် (၆၃နှစ်တာ ကာလအတွင်း) မကြုံစဖူး ဆီးနှင်းများ ကျနေသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံတွင် မုတ်သုံမိုးရွာသွန်း အိမ်အမိုးပြိုကျသဖြင့် ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသရှိ လာဟိုးမြို့တွင် မိုးရွာသွန်းသဖြင့် တနင်္ဂနွေနေ့က အိမ်အမိုးပြိုကျခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါကစ္စတန်သတင်းဌာနက ဖော်ပြသည်။

သောကြာနေ့က စတင်ရွာသွန်းခဲ့သည့် မုတ်သုံမိုးကြောင့် မြို့၏ နေရာအချို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပြီး လူသေဆုံးကာ ပစ္စည်းများ ဆုံးရှုံးခဲ့သည်။

လာဟိုးမြို့၌ လူကြီးတစ်ဦးနှင့် ၎င်း၏သမီး လေးဦးတို့ အိပ်ပျော်နေစဉ် အိမ် ရုတ်တရက်ပြိုကျသဖြင့် တနင်္ဂနွေနေ့နံနက်ပိုင်းတွင် အိမ်အတွင်း ပိတ်မိခဲ့ကာ အပျက်အစီးအောက်တွင် ရှိနေကြသည်။

အခြားဖြစ်ရပ်တစ်ခုတွင် မွေးမြူရေးခြံပိုင်ရှင်တစ်ဦးသည် အခြားလူနှစ်ဦးနှင့်အတူ မွေးမြူရေးအဆောက်အအုံတွင်း၌ ရှိနေစဉ် အမိုးပြိုကျသဖြင့် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂြိုဟ်တုခွင်းဒုံးစနစ် ဆက်လက်စမ်းသပ်ရန် တရုတ်၌အစီအစဉ်မရှိဟုဆို

တိုကျို ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံအနေဖြင့် ဂြိုဟ်တုခွင်းဒုံးစမ်းသပ်သည့်လုပ်ရပ်ကို ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်မရှိကြောင်း ဂျပန်ကာကွယ်ရေးအေဂျင်စီ အကြီးအကဲဟောင်း ဖူကူရှီယိုနူကာဂါအား တရုတ်ကာကွယ်ရေး ဝန်ကြီး ကာအိုဂင်ချွမ်က ပြောကြားသည်ကို ဂျပန်ကျိုဒို သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးစနစ်ကို အသုံးပြုကာ တရုတ်တို့ လွှတ်တင်ထားသည့် မိုးလေဝသဂြိုဟ်တုဟောင်းတစ်လုံးကို ဇန်နဝါရီ ၁၁ ရက်က ပစ်ချခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုသည် ကမ္ဘာမြေပြင်ပေါ်မှ ၅၃၇ မိုင်အကွာတွင် လှည့်ပတ်နေသော ဂြိုဟ်တုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ခေတ်မီကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံ တောင်ကိုရီးယားအကူအညီဖြင့် ဗီယက်နမ်တွင် ဖွင့်လှစ်

ဟန်နွိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်ဗဟိုကျန်းမာရေးနှင့် ရောဂါကာကွယ်ရေးဌာနက ခေတ်မီကာကွယ်ဆေး ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားခဲ့သည့် ကောင်းမွန်သည့် ထုတ်လုပ်မှုအရည်အသွေးနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ထားကြောင်း ဒေသခံသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

တနင်္လာနေ့ကစတင်ထုတ်လုပ်မည့် အဆိုပါ စက်ရုံက တစ်နှစ်လျှင် ဆေးချိန်ပမာဏ ၃၅သန်းမှ သန်း ၄၀အတွင်းထုတ်လုပ်သွားမည်ဖြစ်ပြီး အသည်းရောင်ဘီ၊ ဝမ်းရောဂါ၊ ခွေးရူးရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် အူရောင်ငန်းဖျားရောဂါများအတွက် ကာကွယ်ဆေးများ ထုတ်လုပ်မည်ဖြစ်သည်ဟု ပိုင်အိုနီးယားသတင်းစာက ရေးသားသည်။

အဆိုပါ ကာကွယ်ဆေးများကို ရေတိုကာလအတွင်း ပြည်တွင်းတွင် အသုံးပြုမည်ဖြစ်ပြီး ရေရှည်တွင် ပြည်ပသို့ တင်ပို့ရောင်းချမည်ဖြစ်သည်။ အဆိုပါ ကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံကို တောင်ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန် ပင်လယ်ငါးဖမ်းသင်္ဘောတစ်စင်းကို ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror အင်တာနက်သတင်းများ

လောင်စာနှစ်မျိုးသုံး ကားများ အသံလုံ၍ အန္တရာယ်ရှိနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

လျှပ်စစ်နှင့် သမားရိုးကျလောင်စာနှစ်မျိုးသုံးသည့် ကပြားကားများသည် စက်သံ အထူးညင်သာလှသဖြင့် လမ်းသွားလမ်းလာများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မျက်မမြင်များနှင့် စက်ဘီးစီးသူများအတွက် ကားလာနေသည်ကို အလွယ်တကူမသိနိုင်သဖြင့် အန္တရာယ်ရှိသည့်အခြေအနေနှင့် ကြုံတွေ့နိုင်ကြောင်း အမေရိကန် မျက်မမြင်များအသင်းက သတိပေးထားသည်။

ဆူညံသံကင်းမဲ့ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုသက်သာစေသော်လည်း လမ်းသွားလမ်းလာများ အထူးသဖြင့် မျက်မမြင်များအတွက် အန္တရာယ်ရှိနိုင်သည့် လျှပ်စစ်နှင့် သမားရိုးကျလောင်စာသုံးကားတစ်စီးကို ဝါရှင်တန်၌ ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းကပြားကားများကို အသုံးပြု၍ အခြေအနေအမျိုးမျိုးတွင် မျက်မမြင်များကို လမ်းဖြတ်ကူးစေခဲ့ရာ မျက်မမြင်များအနေဖြင့် အသံလုံလှသော ကားများကြောင့် လမ်းမများကို အန္တရာယ်ကင်းရှင်းစွာ ဖြတ်ကူးနိုင်ခြင်းမရှိကြောင်းတွေ့ရှိခဲ့ကြသည်ဟု မျက်မမြင်အသင်းမှ ဂျွန်ပါရီကပြောကြားခဲ့သည်။

အသံဆူညံမှုကို မိမိတို့မလိုလားကြောင်း၊ သို့ရာတွင် အသံလုံလှသည့် ကားများကိုလည်း အန္တရာယ်ကျရောက်နိုင်၍ မိမိတို့မနှစ်သက်ကြောင်း ဂျွန်ပါရီက ပြောကြားသည်။

စမ်းသပ်မှုများတွင် ပါဝင်သူများကို လမ်းဘေး၌ ရပ်နေစေပြီး အဆိုပါ ကားလာသံကိုကြားမကြား စမ်းသပ်ခဲ့ရာ အများစုမှာ ကားချဉ်းကပ်လာသည်ကိုပင် မသိကြသည့်အခြေအနေကို တွေ့ကြရသည်။ ထိုအချက်က ယာဉ်တိုက်မှုဖြစ်ပွားရန် လွယ်ကူသည်ကို ဖော်ပြနေကြောင်း စမ်းသပ်မှုတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ခရစ်ဒယ်နီရယ်ဆင်က ပြောကြားသည်။ ***အင်တာနက်***

ကလေးငယ်တစ်ဦးကို ရှူဆေးအသွင်ထုတ်လုပ်ထားသော တုပ်ကွေးကာကွယ်ဆေးပေးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှူဆေးအဖြစ်ထုတ်လုပ်ထားသော တုပ်ကွေးကာကွယ်ဆေး ကလေးငယ်များအတွက် ထိုးဆေးထက်ပို၍ထိရောက်

နယူးယောက် ဖေဖော်ဝါရီ ၁၅

ရှူဆေးအဖြစ် ထုတ်လုပ်ထားသော တုပ်ကွေးကာကွယ်ဆေးသည် အစဉ်အလာအသုံးပြုနေသော တုပ်ကွေးကာကွယ်ရေး ထိုးဆေးနှင့်စာလျှင် ရှူဆေးက ကလေးငယ်များအတွက် ပို၍ထိရောက်မှုရှိသည်ကိုတွေ့ရကြောင်း ယင်းရှူဆေးထုတ်လုပ်သော ကုမ္ပဏီက ဖော်ပြသည်။

ထိုရှူဆေးကို မက်ဒ်အင်မြူန်း ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းရှူဆေးအသွင်ထုတ်လုပ်ထားသော ကာကွယ်ဆေး အသုံးပြုပါက တုပ်ကွေးရောဂါကိုသာမက တုပ်ကွေးနှင့် ဆက်စပ်နေသော နားရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားမှုကိုပါ လျော့နည်း စေနိုင်သည်ဟု ယနေ့ထုတ် နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်များအတွင်း မူကြိုအရွယ်ကလေးငယ်ပေါင်း ၈၄၀၀ တို့ကို နှာခေါင်းမှ ရှူရသော ကာကွယ်ဆေးပေး၍ စမ်းသပ်ခဲ့သည်။ ***အင်တာနက်***

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၁၅ ရက်က ဆားဗီးယားသမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Dragan Janekovic **ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများတက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဖေဖော်ဝါရီ ၁၁ ရက်က တာမွေမြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို အထက(၁)တာမွေ ပင်လုံခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က ကျောင်းကျန်းမာရေးစံပြဆုရရှိသော အမက(၁၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပေါ့ဆမှုကြောင့် မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာ အမှတ်(၄) လမ်းမဘေး ပိုင်ရှင် ဦးကျော်ရှိန် သုဘောဂအုတ်ဖုတ်လုပ်ငန်း တာဝန်ခံ ဦးသောင်းညွန့်အိမ်၌ ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀နာရီခန့်တွင် အုတ်ဖုတ်သည့်ဖိုပေါ်သို့ ဖွဲစလောင်းအုပ်ရာမှ မီးအပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အဆောက်အအုံ အပေါ်မိုးတစ်ဝက်ခန့် မီးလောင်ဆုံးရှုံးသည်။

ထို့အတူ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် အိမ်အမှတ်(၄၄)နေ ဦးရန်နိုင်မြင့်(ခ) ဦးမြင့်ဌေး၏ သံကူကွန်ကရစ်နှစ်ထပ်မူကြိုကျောင်း ဒုတိယအထပ်၌ ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၁နာရီခန့်တွင် ကိုယ်ပိုင်မီးစက်အသုံးပြုရာ လေအေးပေးစက်မှ ဝါယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် မွေ့ရာ၊ ခုတင်၊ လေအေးပေးစက်နှင့် မျက်နှာကြက်အနည်းငယ်တို့ မီးလောင်ဆုံးရှုံးသည်။

အလားတူ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာနွယ်စင်ရပ်ကွက် လမ်း(၄၀)(၇၁x၇၂)ကြား အမှတ်(၆၉)နေ ဒေါ်သန်းသန်းပိုင် စိုးမိုးရာ အမျိုးသားဘော်ဒါဆောင်၌ ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီတွင် ဖယောင်းတိုင်မီးထွန်းထားရာမှ ထရံကူးစက်ပြီး မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်ကိုးလုံး မီးလောင်ခံရပြီး လူ ၅၈ဦး မီးဘေးဒုက္ခရောက်ကာ လူတစ်ဦးမီးဟပ် ဒဏ်ရာရရှိသည်။

ထို့အတူ ပဲခူးတိုင်း ရေတာရှည်မြို့နယ် တောင်နံ့ချွန်ကျေးရွာနေ ဒေါ်ပို(ဈေးရောင်း)၏ အိမ်၌ ဖေဖော်ဝါရီ ၁၄ရက် ည ၆နာရီ ၄၅မိနစ်ခန့်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ထရံနှင့် အပေါ်ထပ်ခေါင်မိုးမီးလောင်ကြောင်း မီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပုပ္ပားကျောင်း နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၏ ဝိဇာတမင်္ဂလာအလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်း နာယကဆရာတော် (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ၏ သက်တော်(၇၀)ပြည့် မွေးနေ့မင်္ဂလာ အတွက် ရန်ကုန်မဟာစည်ရိပ်သာ ဟိတေသီအဖွဲ့တွင် ဆွမ်းပဒေသာ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ ဆွမ်းပဒေသာ၊ နှမ်းဆီကုန်ဘိုးဘွားရိပ်သာ၌ ဆွမ်းပဒေသာ၊ ရန်ကုန် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် ငွေပဒေသာ၊ ထောက်ကြန့် ကလေးပြုစုရေးဌာနတွင် ငွေပဒေသာ၊ မင်္ဂလာဒုံ ရွှေနံ့သာ ကလေးပြုစုရေးဌာနတွင် ငွေပဒေသာ၊ ပဲခူးတိုင်း သာယာဝတီဘိုးဘွားရိပ်သာ ငွေပဒေသာများ လှူဒါန်းပြီး ဖေဖော်ဝါရီ ၂၄ရက်(စနေနေ့)နံနက်တွင် ပုပ္ပားကျောင်း၌ အဓိဋ္ဌာန်မော်ကွန်းတိုက်ကျောင်း၊ မဟာဗောဓိဘုရား အနေကဇာတင်ပွဲနှင့် ရွှေဂုံတိုင် ရွှေနံ့သာ ထောက်ကြန့် ကလေးပြုစုရေးဌာနမှ မိဘမဲ့ကလေး ၂၀၀ကျော်တို့အား ထမင်းနှင့် အဝတ်အထည်များ လှူဒါန်းမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ပရိယတ္တိစာသင်တိုက်မှ စာသင်သား ကိုရင်အပါး၁၀၀တို့အား ဆွမ်း၊သင်္ကန်းများ လောင်းလှူမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် ကိုရင်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဖုန်း-၆၀၀၀၂၈နှင့် ၆၀၀၂၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဖေဖော်ဝါရီ ၁၁ရက်က အလှူရှင် မော်လမြိုင်မြို့ အောက်လမ်းမကြီးနေ ဦးမိုင်း-ဒေါ်ကြည် (မောင်မောင်ညီညီ) ကုန်မာဆိုင်မိသားစု သားသမီး မြေးတစ်စုက ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်းတရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်)
၈း၁၀	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	Myanmar Video Rhythm
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ကျောက်ကပ်နှင့်ကျောက်ကပ် ရောင်ရောဂါအကြောင်း (ဒေါက်တာခင်မောင်ဌေး)
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	နိုင်ငံဂုဏ်ကို ဖော်ဆောင်နေသော စက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	Zaw Win Htut (Rock and Roll Night Birthday Show)
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မြန်မာစာ၊မြန်မာစကား(၅)
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊နှင်းဥ၊မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	နမ့်မွေတံတား
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နောင်တော်ကြီးစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့်မင်္ဂလာအခမ်းအနားကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၊ ရောင်တော်ဖွင့်ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်အရပ်ရှိ ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီးစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပိုမိုတင့်တယ်ကြည်ညိုဖွယ် ဖူးတွေ့ပူဇော်နိုင်ရန် ရောင်တော်ဖွင့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ အောင်မြေတန်ဆောင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် ပူဇော်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နောင်တော်ကြီးစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါ စရိယ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသည့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အများပြည်သူလှူဒါန်းသော ရတနာပစ္စည်းများကို နောင်တော်ကြီးစေတီတော်အားရည်မှန်းပြီး မဟာအောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာအောင်မြေဘုံစံ ဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုအချိန်တွင် အများပြည်သူလှူဒါန်းသော ရတနာပစ္စည်းများကို ရွှေတိဂုံစေတီတော်၏ ဘာသာရေးအသင်းအဖွဲ့ဝင်များက ပန်းစိုက်ဖလားနှင့် နဖူးစည်းဆိုင်းဘုတ်တို့ကို ကိုင်ဆောင်၍လည်းကောင်း၊ သာသနာ့အလံများကို ကိုင်ဆောင်၍လည်းကောင်း၊ မင်္ဂလာစည်တော်အဖွဲ့မှ စည်တော်များ ရွှမ်း၍လည်းကောင်း ဦးဆောင်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက ရတနာပစ္စည်းများကို ပင့်ဆောင်ပြီး နောင်တော်ကြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နောင်တော်ကြီးစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားတွင် ရတနာပစ္စည်းများကို နောင်တော်ကြီး စေတီတော်အား ရည်မှန်းပြီး မဟာအောင်မြေဘုံစံ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုကဲ့သို့ အများပြည်သူ လှူဒါန်းသည့် ရတနာပစ္စည်းများအား ပင့်ဆောင်၍ လှည့်လည်ပူဇော်ခံရာတွင် လှည့်လည်ပူဇော်ခံရာ လမ်းတစ်လျှောက် နောင်တော်ကြီး စေတီတော်၏ အရပ်လေးမျက်နှာတို့မှနေ၍ ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများက မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပါဠိတော်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နောင်တော်ကြီးစေတီတော်၏ အထက်ပစ္စယာသို့ တက်ရောက်၍ စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထိုအချိန်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများက ရတနာပစ္စည်းများအား စေတီတော်အထွတ်သို့ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စေတီတော်၏ အထွတ်စိန်ဖူးတော်ငြမ်းသို့ တက်ရောက် နေရာယူကြသည်။

ထို့နောက် မင်္ဂလာအခါတော် အကြံပေးဦးကျော်က ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာပြီး ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိန်ဖူးတော်အား တရော်ကင်ပွန်းဖြင့် ဆေးကြော သန့်စင်ပူဇော်ပြီး ရေစင်ရေသန့်တို့ဖြင့် ထပ်မံဆေးကြော ပူဇော်ရောင်တော်ဖွင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် အဖွဲ့ဝင်များက စေတီတော် စိန်ဖူးတော်အား တရော်ကင်ပွန်းတို့ဖြင့်လည်းကောင်း၊ ရေစင်ရေသန့်တို့ဖြင့် လည်းကောင်း ဆေးကြော ပူဇော်ကြပြီး ရောင်တော်ဖွင့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်အား စံပယ်ပန်းများ ဆက်ကပ်လှူဒါန်း၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်အား ရောင်တော်ဖွင့်ပူဇော်ရန်အတွက် ငှက်မြတ်နားတော်ငြမ်းအဆင့်သို့ ပြောင်းရွှေ့နေရာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်၍ စိန်ဖူးတော်၏ လက်ကိုင်အောက်ခြေတွင် ဘက်စုံပြုပြင်မွမ်းမံမှု မော်ကွန်းကမ္ပည်းစာကို တပ်ဆင်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အများပြည်သူလှူဒါန်းသည့် ရတနာပစ္စည်းများကို စေတီတော်၏ ငှက်မြတ်နားတော်တွင် တပ်ဆင်ပူဇော်ပေးကြသည်။

ဆက်လက်၍ ရွှေဆည်းလည်း ပဒေသာနှင့် ငှက်မြတ်နားတော်တို့အား တရော်ကင်ပွန်းတို့ဖြင့် လည်းကောင်း၊ ရေစင်ရေသန့်တို့ဖြင့်လည်းကောင်း ဆေးကြောပူဇော်၍ ရောင်တော်ဖွင့်ပေးကြသည်။

ထိုကဲ့သို့ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရောင်တော်ဖွင့် ပူဇော်နေချိန်တွင် မင်္ဂလာအခါတော် အကြံပေး ဦးကျော်က စိန္တာမဏိဂါထာနှင့် ရောင်တော်ဖွင့်ဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်အား စံပယ်ပန်းများ ဆက်ကပ်လှူဒါန်းပြီးနောက် အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရတနာဇေယျာကျောင်း ဘက်စုံပြုပြင် မွမ်းမံရေး၌ သွပ်အမိုးအတွက် ငွေကျပ်တစ်သိန်း၊ ဘုံငါးဆင့် အထွတ်တင်ထီးတော်အတွက် ကျပ်တစ်သိန်း စုစုပေါင်း ကျပ်နှစ်သိန်းကို ဖေဖော်ဝါရီ ၁၁ ရက်တွင် (ဈ)ရပ်ကွက် ဝေဘာဂီလမ်းမနေ ဦးမျိုးမြင့်-ဒေါ်ခင်သန်းဝင်း မိသားစုက ရတနာဇေယျာကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဖြူးဆရာတော် (အာယုဒါန ဘေသဇ္ဇဒါန) တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ လှိုင်နှင့် ဖြူးမြို့ မဟာစည်ရိပ်သာ၏ ပဓာန နာယကဖြစ်တော်မူသော ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ) ကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လှိုင် (၁၆)ရပ်ကွက် မာလာမြိုင် ၈ လမ်း ဦးတင်ဦး (၄၅)နှစ် မွေးနေ့မင်္ဂလာ၊ ၁၉ ရက်တွင် (၃၇)လမ်း ကျောက်တံတားမြို့နယ်၊ ၂၀ ရက်တွင် မြောက်ဥက္ကလာပ၊ ၂၅ ရက် နံနက် ၉ နာရီတွင် ဓမ္မရက္ခိတ ဖြူးမဟာစည် လှိုင်မြို့နယ်တို့၌ တရားတော်ဟောကြား ချီးမြှင့်မည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာတော်သည် ပြည်ပနိုင်ငံသို့ ကျန်းမာရေးဆေးကုသခံယူရန်ကြွရောက်ပြီး ခြောက်လခန့် တရားဟောခရီးစဉ်များ အနားယူရမည်ဖြစ်ပါ၍ ကျန်းမာရေးအတွက် (အာယုဒါနဘေသဇ္ဇဒါန) လှူဒါန်းလိုသူများနှင့် ပင့်လျှောက်ထားပြီးသော နယ်တရားပွဲများ၊ ဝိပဿနာ ၁၀ ရက် တရားစခန်းများကို အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၀၁၈၄၆ (၁၈၁)၊ ၀၉၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

✻ ဗုဒ္ဓဘာသာမှ

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) က အောက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့သည်– (သတင်းစဉ်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (CSW)သည် မြန်မာနိုင်ငံရှိ ခရစ်ယာန်များနှိပ်ကွပ်ခံရခြင်းဟု ခေါင်းစဉ်တပ်ထားသော (Carrying the Cross) အမည်ရှိ အစီရင်ခံစာတစ်စောင်ထုတ်ပြန်၍ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မဟုတ်မမှန်သော အချက်အလက်များဖော်ပြထားကြောင်း ကြားသိရပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ခရစ်ယာန်များကို ကန့်သတ်ချုပ်ချယ်ခြင်း၊ နှိပ်ကွပ်ခြင်း အစီရင်ခံစာကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ အောက်လွှတ်တော် ပေါ်လူးလမ်အဆောက်အအုံ ဝီလဆင်ခန်းမတွင် ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂျွန်ဘာကောင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တင်သွင်းကြောင်းလည်း သိရှိရပါသည်။

အထက်ဖော်ပြပါ အစီရင်ခံစာများသည် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲဖော်ပြထားခြင်းများဖြစ်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အနေဖြင့် ရှုတ်ချကန့်ကွက်ကြောင်း ဖော်ပြပါသည်။

ယင်းအစီရင်ခံစာများတွင် ပါရှိသည့် ခရစ်ယာန်ဘုရားကျောင်းများကို ပြန်လည်ပြင်ဆင်ခွင့်မရစေရေးအတွက် ခက်ခဲအောင်လုပ်ခြင်း၊ ချင်းပြည်နယ်အတွင်း တရားဟောမွေ့ဆရာကို သတ်ပစ်ခြင်း၊ တစ်ချို့နေရာများ၌ ခရစ်ယာန်များ၊ မွတ်စလင်များအား အကြမ်းဖက်နှိပ်စက်ခြင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သော အိမ်မရှိစေရဟူသော မူချမှတ်ခြင်း၊ ဘုရားကျောင်းများနှင့် လက်ဝါးကပ်တိုင်များ ဖျက်ဆီးခြင်း စသော ဖော်ပြချက်များသည် မြန်မာနိုင်ငံအတွင်း လုံးဝမရှိ၍ မမှန်ကန်ကြောင်း ဖော်ပြအပ်ပါသည်။

ယင်း CSW အဖွဲ့နှင့် ပါလီမန်အမတ် ဂျွန်ဘာကောင်းတို့၏ မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ကိုင်တွယ်ရန်ဟူသော တိုက်တွန်းချက်ကိုလည်း (YMBA)အသင်းကြီးအနေနှင့် ကန့်ကွက်လိုက်သည်။

မြန်မာနိုင်ငံသည်တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ခင်စွာ အတူတကွနေထိုင်ကြသော နိုင်ငံဖြစ်ပါသည်။ မိမိတို့ယုံကြည်ရာဘာသာများအား လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်ရှိသော နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်သူများလည်းရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူအများစုက ကိုးကွယ်သောဘာသာဖြစ်ပါသည်။

သို့ဖြစ်၍ CSW အဖွဲ့က တင်သွင်းသော (Carrying the Cross) အစီရင်ခံစာသည် မဟုတ်မမှန်လုပ်ကြံ၍ မြန်မာနိုင်ငံအား ပျက်စီးစေလိုသူတို့၏ ပူးပေါင်းကြံစည်မှုသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)

ယင်းသို့ ပြည်ပမှ လုပ်ကြံစွပ်စွဲထိုးနှက်မှုများနှင့် အချိန်ကိုက် ဟန်ချက်ညီ NLD နှင့် CRPP ကလည်း တွေ့ဆုံဆွေးနွေးရေး၊ လွှတ်တော်ခေါ်ပေးရေးတို့ကို ဆက်လက်ဆုပ်ကိုင် တောင်းဆိုလျက်ရှိ

CRPP သည် တရားဝင်အဖွဲ့အစည်းမဟုတ်သဖြင့် ယခုကဲ့သို့ တောင်းဆိုမှုပြုလုပ်ရန် အခွင့်မရှိ

သက်ဆိုင်ရာတာဝန်ရှိသူများက CRPP အား ခေါ်ယူသတိပေး

❀ ပြည်တွင်းပြည်ပမှ

နယ်မြေဒေသများသို့ ကွင်းဆင်းစစ်ဆေး စုံစမ်းမေးမြန်းခဲ့ရာ စွပ်စွဲမှုများမှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများသာဖြစ်ကြောင်းကိုလည်းကောင်း နိုင်ငံတကာကသိရှိအောင် သတင်းများ ပြန်ကြားအသိပေးခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

ယခုတစ်ဖန် KWO ဆိုသည့်အဖွဲ့က SWAN ဆိုသည့် အဖွဲ့ကဲ့သို့ပင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်လာခြင်းမှာလည်း မြန်မာနိုင်ငံအပေါ် ထပ်မံဖိအားပေး အရေးယူရန် အကြောင်းပြချက်အသစ်များရရှိရေး လုပ်ကြံဖန်တီးမှုများ ပြုလုပ်နေခြင်းသာဖြစ်ကြောင်း။

ထို့အပြင် KWO ဆိုသည့်အဖွဲ့၏ မဟုတ်မမှန်လုပ်ကြံထားသော အစီရင်ခံစာသည် ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် အင်အားစုများ၏ ငြိမ်းချမ်းရေးအောင်ပွဲကို ဖုံးကွယ်ပုံဖျက်ရန် မသမာသောနည်းလမ်းများဖြင့် အချိန်ကိုက်လုပ်ဆောင်လာခြင်းလည်းဖြစ်ကြောင်း။

ယနေ့ ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားများ၏ပကတိလိုအပ်ချက်မှာ ပြည်နယ်အတွင်း လက်နက်ကိုင်တိုက်ပွဲများ ကင်းစင်ပြီး လုံးဝငြိမ်းချမ်းသာယာဝပြောရေးဖြစ်ရာ တပ်မတော်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့ အပြန်အလှန် ယုံကြည်လက်တွဲပူးပေါင်းပြီး ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့ခြင်းက အဆိုပါ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သကဲ့သို့ KWO အဖွဲ့၏ စွပ်စွဲမှုများ လုံးဝမှန်ကန်မှုမရှိကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း။

အလားတူ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာတွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနား၌ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီး စောထော့လေးက ကျေးဇူးတင်စကားပြောကြားရာတွင် **"မိမိတို့နယ်မြေတွင် ရွာပုန်းရွာရှောင်ဟူ၍မရှိတော့ကြောင်း၊ ဒုက္ခသည်ဆိုတာလဲမရှိတော့ကြောင်း၊ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး လွတ်လပ်စွာနေထိုင်နိုင်ကြကြောင်း၊ ငြိမ်းချမ်းရေးရအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြသည့် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း"** ပြောကြားသွားခဲ့သည်ကို ကြည့်ခြင်းဖြင့် ငြိမ်းချမ်းရေးအခြေခံဒေသများ တည်ဆောက်နိုင်မှု၏ အကျိုးဆက်ရလဒ်ကောင်းများကို တွေ့ရှိနိုင်ကြောင်း။

သို့ရာတွင် ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ငြိမ်းချမ်းသာယာဝပြောရေး ကြိုးပမ်းဖော်ဆောင်မှုများကို မျက်ကွယ်ပြုလျက် ပြည်တွင်းပြည်ပအဖျက်သမားများက ဘာသာရေးကို ခုတုံးလုပ်အမြတ်ထုတ်ရန် အားထုတ်လုပ်ဆောင်နေသည်များကိုလည်း တွေ့ရှိရကြောင်း။

ယခုရက်ပိုင်းအတွင်း ဘာသာရေးလုပ်ကြံစွပ်စွဲမှုတစ်ခုမှာ ဗြိတိန်နိုင်ငံအခြေစိုက် (Christian Solidarity Worldwide -CSW) ဆိုသည့်အဖွဲ့က မြန်မာနိုင်ငံ၌ ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခြင်းပင် ဖြစ်ကြောင်း။

ယင်းအစီရင်ခံစာထုတ်ပြန်ပြီးနောက် တစ်ဆက်တည်းမှာပင် ၂၃–၁–၂၀၀၇ ရက်နေ့၌ ဗြိတိသျှပါလီမန်တွင် ၎င်းအစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးကြားနာမှုပြုလုပ်ခဲ့သည်ကို တွေ့ရကြောင်း၊ ၁၀–၂–၂၀၀၇ရက်နေ့၌လည်း အမေရိကန်အောက်လွှတ်တော် လူ့အခွင့်အရေးဆိုင်ရာကော်မတီက ၎င်းအစီရင်ခံစာနှင့်ဆက်စပ်ပြီး ကြားနာပွဲတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါကြားနာပွဲသို့ ချင်းပြည် အမျိုးသမီးများအဖွဲ့ချုပ်ဆိုသည်မှ ချယ်ရီဇာဟောင်ဆိုသူနှင့် ကချင်အမျိုးသမီးများအဖွဲ့ဆိုသည်မှ အယ်လ်ဒွယ်လင်းဆိုသူတို့ တက်ရောက်ပြီး လုပ်ကြံပုတ်ခတ်ပြောဆိုခဲ့ကြသည်ကိုလည်း ကြားသိရကြောင်း။

ယင်းသို့ ပြည်တွင်းပြည်ပ အဖျက်သမားများ အချိန်ကိုက်ဟန်ချက်ညီ ပူးပေါင်းဆက်စပ် လုပ်ဆောင်နေသော်လည်း မြန်မာနိုင်ငံအတွင်း ဘာသာဟူသမျှ လွတ်လပ်စွာ အတူယှဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် လက်တွေ့ပါဝင်လုပ်ဆောင်နေသည့် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များက CSW အဖွဲ့၏ အစီရင်ခံစာမှာ မှားယွင်းနေကြောင်း၊ ဘာသာရေးကို ခုတုံးလုပ်၍ မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်အမြတ်ထုတ်ရန် လုပ်ဆောင်မှုဖြစ်၍ ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း သဘောထားကြေညာချက်များကို သတင်းစာများတွင် အတိအလင်း ထုတ်ပြန်နေသည်ကို တွေ့ရှိနိုင်ကြောင်း။

အထက်ပါ စွပ်စွဲချက်များအပြင် ထပ်မံစွပ်စွဲမှုမှာ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးဆိုသည်အဖွဲ့က "တပ်မတော်က အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်" ဟူသည့် စွပ်စွဲချက်ပင်ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် ၎င်းစွပ်စွဲချက်များ မဟုတ်မမှန်ကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား အပြည့်အစုံရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုနေ့မှာပင် သံတမန်များအား အမှတ်(၁) တပ်မတော်စစ်သားစုဆောင်းရေးတပ်နှင့် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး)သို့ လိုက်ပါပို့ဆောင်ရှင်းပြပြီး တပ်သားသစ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစေခဲ့သည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပအဖျက်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကို လက်တွေ့လုပ်ဆောင်အောင်မြင်မှုသက်သေသာဓက အထောက်အထားများ ခိုင်လုံစွာဖြင့် ရှင်းလင်းချေဖျက်နေချိန်တွင် အခြားတစ်ဖက်မှ ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားသူများကလည်း တစ်စခန်း ထလာသည်ကို တွေ့ရှိရကြောင်း။

NLDပါတီနှင့် တရားမဝင်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ဆိုသည့် အဖွဲ့တို့ ပူးပေါင်းပြီး နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကိုကျင်းပကာ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့၏ကြေညာချက်များတွင် မြန်မာ့နိုင်ငံရေးလိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများပါလာမည်ဟု ထင်ထားခဲ့သော်လည်း ယခင်ကကြေညာချက်များအတိုင်း မဲပြာပုဆိုး တောင်းဆိုမှုများသာ ဖြစ်နေကြောင်း။

၎င်းတို့၏တောင်းဆိုချက်များမှာ ဒေါ်စုကြည်၊ ဦးတင်ဦးနှင့် ဦးခွန်ထွန်းဦး စသည်တို့ကို ပြန်လွှတ်ပေးရေး၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေး၊ ပြည်သူ့လွှတ်တော်ခေါ်ယူပေးရေး စသည့် တောင်းဆိုချက်များသာဖြစ်နေကြောင်း၊ ၎င်းတောင်းဆိုချက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေအရ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူ ပြစ်ဒဏ်ချမှတ်ထားခြင်းဖြစ်သဖြင့် ဥပဒေအရသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးထက် ပိုမိုကျယ်ပြန့်မြင့်မားသည့် တစ်မျိုးသားလုံး ပါဝင်တွေ့ဆုံဆွေးနွေးနေသော အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသဖြင့် ၎င်းတို့နှင့်တွေ့ဆုံဆွေးနွေးရန်ဆိုသည့်အချက်မှာ လက်ခံနိုင်ဖွယ်မရှိကြောင်း၊ လွှတ်တော်ခေါ်ယူပေးရေးဆိုသည်မှာလည်း ကျိုးကြောင်းဆီလျော်မှုမရှိတော့ကြောင်းကို နိုင်ငံတော်အပိုင်းက အကြိမ်ကြိမ်ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့အတူ CRPP၏ လှုပ်ရှားတောင်းဆိုချက်များမှ နိုင်ငံနှင့်ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာဖွယ်ရာ တစ်စုံတစ်ရာမတွေ့ရှိရကြောင်း၊ ထို့အပြင် CRPP သည် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့မဟုတ်သဖြင့် ယခုကဲ့သို့ တောင်းဆိုပိုင်ခွင့်မရှိကြောင်း စသည်တို့ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက CRPP မှ တာဝန်ရှိသူများဖြစ်သော ဦးအောင်ရွှေနှင့် ဦးအေးသာအောင်တို့အား ယနေ့ ဖေဖော်ဝါရီလ ၁၅ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံး၌ တွေ့ဆုံ၍ CRPP သည် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့မဟုတ်သဖြင့် ယခုကဲ့သို့ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ သဘောထားတောင်းဆိုချက်ထုတ်ပြန်ခြင်းတို့ကို မပြုလုပ်ရန် သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားကို သုံးခွမြို့နယ်တွင်ပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးကာ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး သုံးခွမြို့နယ် ပြည်သူ့လူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် သုံးခွမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျေးလက်ဒေသရှိ ပြည်သူများအား မျက်စိအထူးကုဆရာဝန်ကြီးများဖြင့် မျက်စိရောဂါကုသပေးခြင်း၊ တီဘီရောဂါ ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကုသပေးခြင်း၊ ကျန်းမာရေးစီမံချက်လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလည်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက သုံးခွမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဗဟိုအမှုဆောင် ဒေါ်ခင်မိမိနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၏ ဇနီး ဒေါ်ခင်မာဆွေတို့က အလှူငွေများကို လက်ခံကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့် ခေါင်းဆောင်သော မျက်စိကုဆရာဝန်ကြီးများ၏ လူနာစမ်းသပ်စစ်ဆေးမှုများနှင့် ခွဲစိတ်ခန်းအခြေအနေကို လှည့်လည်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးကာ အားပေးစကား ပြောကြားကြသည်။

အဆိုပါ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ်သိန်း ၁၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ရုံအရောက် ဓာတ်မှန်ရိုက်ယာဉ်ဖြင့် ရောဂါရှာဖွေကုသရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ လှိုင်သာယာ စက်မှုမြို့တော် စီမံခန့်ခွဲမှုကော်မတီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများတွင် စက်ရုံအရောက် နယ်လှည့်ဓာတ်မှန်ရိုက်ယာဉ်ဖြင့် ရောဂါရှာဖွေဖော်ထုတ်ကုသရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင်ကျင်းပရာ **(ယာပုံ)** လှိုင်သာယာစက်မှုမြို့တော် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်၊ ရန်ကုန်တိုင်း တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဦးမျိုးဇော်၊ JICA မှ အမျိုးသား အကြံပေးပုဂ္ဂိုလ် ဒေါက်တာအေးထွန်း၊ လှိုင်သာယာမြို့နယ် လူမှုဖူလုံရေး အဖွဲ့မှ မန်နေဂျာ ဦးသောင်းမြင့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော စက်ရုံပိုင်ရှင်များ၊ စက်ရုံမန်နေဂျာများနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း (၁၁)ရပ်ကွက်နေ ဦးဝေလွင်–ဒေါ်ကြည်ကြည်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က–ပ)

မြန်မာ–တရုတ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင် ၇၀ကျော် ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မတ်လနောက်ဆုံးပတ်တွင် လာရောက်၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သစ်၊ ဝါးနှင့် ပရိဘောဂလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်း၊ သကြားစက်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဓာတ်မြေသြဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာပစ္စည်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအလိုက် ပါဝင်တက်ရောက်ဆွေးနွေးမည့် စီးပွားရေး လုပ်ငန်းရှင်များသည် ဖေဖော်ဝါရီ ၂၀ ရက်နောက်ဆုံးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးဆေးရုံကြီးသို့ နို့မှုန့်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသော ကလေးလူနာများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Mo Asia Co., Ltd. Dumexမှ ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေကျပ် ၁၅၅၀၀၀၀ တန်ဖိုးရှိ Dumex Instant Full Cream နို့မှုန့်များလှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Co., Ltd. Dumex မှ မန်နေဂျာ ဒေါက်တာ ဒေါ်ဖြူတီကြည်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး Dumex Dumilk Instant Full Cream နို့မှုန့်များနှင့် ဝမ်းလျှောဝမ်းပျက်ကလေးများကို တိုက်ကျွေးရန်အတွက် Dumex (Mamex Lactose Free) နို့မှုန့်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံရယူသည်။ **(ယာပုံ)** ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကလေးဆေးရုံကြီး)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကမာရွတ်မြို့နယ် (၈)ရပ်ကွက် ပြည်ရိပ်သာလမ်းမှ အဘဦးထွန်းခင်–အမိ ဒေါ်စိန်တင်နှင့် ဦးအုံးမောင်တို့အား ရည်စူး၍ ဒေါ်မြသန်းကြည်နှင့် သားသမီးများဖြစ်ကြသော ဦးတင်ဆွေ–ဒေါ်ခိုင်ခိုင်ဝင်း၊ ဒေါက်တာသန်းဝင်း၊ ဒေါ်ခင်ခင်မြ မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ Intermational News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ)(ရူပဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅:၃၅ ၈။ **“အဲဒီမှာစတွေ့တာပဲ” (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆိုသည်မှာ” (အပိုင်း–၂၃)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အကြင်နာရွှေဦး” (အပိုင်း–၁၃)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

တိပိဋကဆရာတော်ကြီးများဓမ္မသဘင်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)(၈၇)ရပ်ကွက် မဟာဓမ္မိကာရာမကျောင်းတိုက် မဟာအတုလရံသီ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ အကြိုဓမ္မပူဇော်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)၊ ၂၅ရက်တွင် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ(မြင်းခြံဆရာတော်)၊ ၂၆ရက်တွင် ဘဒ္ဒန္တကုန္ဒပါလ(ရမ္မာဝတီဆရာတော်)၊ ၂၇ရက်တွင် ဘဒ္ဒန္တဝံသပါလာလင်္ကာရ(မြင်းမူဆရာတော်)၊ ၂၈ရက်တွင် ဘဒ္ဒန္တသုန္ဒရ(စွန်းလွန်းဆရာတော်)၊ မတ် ၁ရက်တွင် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)၊ ၂ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

စာအောင်သံဃာများ ချီးကျူးပူဇော်ပွဲကျင်းပမည်

တိပိဋက ဓမ္မရက္ခိတအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကို ခံယူတော်မူပြီး (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရာတွင် တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက တစ်ပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒနှစ်ပါး၊ ဝိနယဓရ ရှစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ငါးပါး၊ ဥဘတောဝိဘင်္ဂဓရ ၂၉ပါး စုစုပေါင်း အပါး ၅၀ အောင်မြင်တော်မူကြသည်။

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသ အရှင်မြတ်သည် ပိဋကတ်သုံးပုံကို အပြီးတိုင် အာဂုံပြန်ဆိုအောင်မြင်တော်မူ၍ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ကို ကနက္ကဒဏ်ထီးဖြူတော် သုံးလက်နှင့်အတူ ခံယူရရှိတော်မူမည်ဖြစ်သည်။ အဆိုပါ စာအောင်သံဃာတော် အပါး ၅၀တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပရန် တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗဟိုအကျိုးတော်ဆောင်များက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့၌ အထူးဈေးရောင်းပွဲတော် ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဖျာပုံမြို့ မြို့မအားကစားကွင်း၌ စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၃ရက်အထိ နံနက် ၈နာရီမှ ည ၈နာရီအထိ ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စု တေးသရုပ်ဖော်ပြိုင်ပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ တေးသရုပ်ဖော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် ညနေပိုင်းက ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းပါဝင်ယှဉ်ပြိုင်သည်။

ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ် ဖွင့်လှစ်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရှုခင်းသာ ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်၊ ငါးပြတိုက်ကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က ဖွင့်လှစ်ခဲ့ရာ အများပြည်သူများ လာရောက်လေ့လာအပန်းဖြေသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် အင်းစိန်မြို့နယ် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်ညက အင်းစိန် အထက(၁)အားကစားကွင်းတွင်ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက ပထမဆုရ ပိန္နဲကုန်းရပ်ကွက်မှ မခင်စန္ဒာဝင်းအား ဆုချီးမြှင့်စဉ်။ (၆၁)

အဘယသုတာရာမ စာသင်တိုက် လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ အဘယသုတာ ရာမစာသင်တိုက် ပရဝဏ်အတွင်း တည်ဆောက်ဆဲ ဖြစ်သည့် လေးထပ် ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်တွင် ယင်းကျောင်းတိုက်၌ ကျင်းပရာ မြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး အဘယသုတာရာမ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သာသနထံမှ ပရိသတ်တို့က ရှစ်ပါး သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဒေါ်ပိုက်၊ သမီး ငယ်ငယ် မိသားစုတို့က ငွေကျပ် ၁၅သိန်း **(အပေါ်ပုံ)**၊ ဦးကျင်တိတ်–ဒေါ်ခင်သိန်း (မြန်မာ့ဆေးမျိုးစုံဆိုင်)တို့က ငွေကျပ် ၂၄သိန်း၊ ဒေါ်သိန်းသိန်း၊ သမီး မမြဝင်းကြည်တို့က ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်စီ၊ ဒေါ်မြစီ ညီအစ်မတစ်စုတို့က ငွေကျပ် ၁၀သိန်း၊ ဦးကျံုလွမ်–ဒေါ်ရင်ကြီမိသားစုတို့က ငွေကျပ် ခြောက်သိန်း၊ ဦးကြည်သိန်း–ဒေါ်လှလှ သမီး မသက်သက်ဝင်း မိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဦးတင်လှိုင်–ဒေါ်သန်းသန်းဝင်း (ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့က ငွေကျပ် ငါးသိန်း၊ ကိုခင်လတ်–မမိုးမိုးဝင်း (ရန်ကုန်)မိသားစုတို့က ငွေကျပ်တစ်သိန်းခြောက်သောင်း၊ ဒေါ်ကွေ့ မိသားစုနှင့် ဦးစိုးသန်း–ဒေါ်မြင့်မြင့်ခိုင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ပခုက္ကူမြို့နေ ဒေါ်လှဆင့် မိသားစုတို့က ငွေကျပ် သုံးသိန်း၊ မချိုချိုမာမိသားစုတို့က ငွေကျပ်ငါးသိန်းတစ်သောင်း၊ အေဝမ်းဘီတူး အထည်ဆိုင် မိသားစုနှင့် ဦးစိန်ရွှေ–ဒေါ်သန်းစိန် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမောင်ငယ်၊ သမီး ဒေါ်သန်းသန်း မိသားစုနှင့် ဒေါ်မြသိန်း၊ ဒေါ်လှသိန်း မိသားစုတို့က ငွေကျပ် လေးသိန်းစီ၊ ဦးဝေါင်ယူကောင်း – ဒေါ်ထွေးကြည် မိသားစုတို့က ငွေကျပ်နှစ်သိန်းနှစ်သောင်း၊ ဦးသက်တင် – ဒေါ်ကြည်မိသားစုတို့က ငွေကျပ် နှစ်သိန်းတစ်သောင်း၊ မရှုရီ(ခ) မမိငယ်မိသားစုနှင့် ဒေါ်သန်းသန်းမြင့် မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါ်ခင်မြိုင်မိသားစုက ငွေကျပ်တစ်သိန်းခြောက်သောင်း၊ ကျပ်တစ်သိန်းအလှူရှင် ၃၅ဦးတို့က စုစုပေါင်းအလှူငွေကျပ် သိန်းတစ်ရာ့ငါးဆယ် ခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ ဦးချိုကြီးအား ရည်စူး၍ ရန်ကုန်မြို့ ကန်တော်ကလေး ၉၃ လမ်းမှ ဒေါ်ချို၊ သားသက်ဇော်ထက် မိသားစုက အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းထံ ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄ နာရီအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ စက္ကာဝုဓ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပန်းတောင်းကျောင်းတိုက် ပဓာန နာယက ဆရာတော် သက်တော်(၁၀၁)နှစ် သိက္ခာတော်(၈၁)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစက္ကာဝုဓ မဟာထေရ်မြတ်သည် ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက် ဖေဖော်ဝါရီ ၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီခွဲတွင် သီတင်းသုံးတော်မူရာ ပန်းတောင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ ဝိသုတ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်း ဖျာပုံမြို့ (၄)ရပ်ကွက် မဟာပုညာရာမ ကျောင်းတိုက် မင်းကျောင်းကြီး ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိသုတ မထေရ်သည် သက်တော် (၈၆)နှစ် သိက္ခာတော်(၆၀)ဝါအရ ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်၊ ဖေဖော်ဝါရီ ၁၀ရက်(စနေနေ့)နံနက် ၁၁နာရီ ၂၅မိနစ်တွင် မင်းကျောင်းကြီးကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူ၍ ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၅ရက် ဖေဖော်ဝါရီ ၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

သတ္တိခဲဆယ်ကျော်သက် ညီနောင်နှစ်ဦးအစွမ်းကြောင့် ဆင်ဆိုးကြီးများထွက်ပြေးရ၊ စပါးကြီးမြွေနှင့် နပန်းလုံးခဲ့တဲ့အမျိုးသမီးသုံးဦး၊ တရုတ်–မြန်မာစီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ခွင့်လျှောက်လွှာများ ဖေဖော်ဝါရီလ နောက်ဆုံး တင်သွင်းရမည်၊ ချစ်သူဟောင်းမိသားစုအား အဆိပ်ခတ်ခြင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့က ချမ်းအေးတဲ့ဆောင်းတစ်ညကို အန်တုတဲ့ပွဲ၊ ဝင်ငွေတိုးလို့အလှဆင် မြန်မာ့သစ်ခွစိုက်စေချင်၊ နေပြည်တော်သို့ သမင်လည်ပြန်၊ ကမ္ဘာပျက်ကပ်ဆိုက်လျှင်သုံးမည့်မျိုးစေ့ဘဏ်၊ အမေရိကန်သမ္မတရွေးကောက်ပွဲဝင်မည့် လူမည်း ဆီးနိတ်အမတ် အိုဘားမား(သို့မဟုတ်) တောင်ကြီးကိုဖြိုရန်ကြံနေသည့် ခါချဉ်မည်းတစ်ကောင်၊ ဗြိတိန်တွင် စာအိတ်ပုံးများ ဒုက္ခပေးလျက်ရှိ၊ ငွေကြေး၊ အလှနှင့်မရဏတရား၊ အီရန်ကို အမေရိကန်တိုက်လျှင် အီရန်ကလက်တုံ့ပြန်မည်၊ တက္ကစီမင်းနှင့် အိမ်ထောင်ရေးပြဿနာ၊ ခေါင်းတွဲကောင်းတိုင်းမောင်း၍မရသောရထား၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်–၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟေဠိဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မုန်တိုင်းကြားကချစ်လိပ်ပြာ” (အပိုင်း–၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဝေဟင်ချစ်သူ” (အပိုင်း–၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

သီးနှံအထွက်ပိုမို ဈေးနှုန်းလည်းချိုချို

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)၊ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရန်ကုန်မြို့မှ သီရိမင်္ဂလာ ဈေးကြီးသည် အထပ်ငါးထပ်ရှိကာ မြန်မာပြည်အရပ်ရပ်မှ ကုန်စိမ်းများ စီးဝင်လာသော အဓိက ကုန်စိမ်းဒိုင်ကြီးဖြစ်သည်။ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် အမျိုးစုံလင်ကာ ၂၄နာရီ ခင်းကျင်းရောင်းချသော၊ မအိပ်သော၊ ပိတ်ရက်မရှိသော ကုန်စခန်းကြီးလည်း ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ဈေးပေါင်း ၁၃၀ကျော်နှင့် ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့လည်း ရာသီသီးနှံများကို အစားအလိုက် ခွဲခြားကာ အသေးဆုံး ဂေါ်ဖီထုပ်သည် ဒိုင်ဈေး ၃၅ကျပ်မှ အကြီးဆုံး ဂေါ်ဖီထုပ်မှာကျပ် ၁၂၀ ခန့်သာရှိကြောင်း တွေ့ရှိခဲ့ရသည်။

နေ့စဉ် ဂေါ်ဖီကုန်ချိန် ပိဿာ ၂၀၀၀၀ အထိ အဝင်ရှိနေပြီး ယခု ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ကုန်ဝင်နည်းသွားနိုင်ကာ မတ်လနှင့် ဧပြီလများတွင် ပြင်ဦးလွင်ဘက်မှ ဂေါ်ဖီများ ဝင်ရောက်လာမည်ဖြစ်သည်။ ပြင်ဦးလွင် ဂေါ်ဖီရာသီမှာ မေလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် အောင်ပန်းမြို့နယ်မှ ဂေါ်ဖီများ ဈေးကွက်အတွင်း ဝင်ရောက်လာမည်ဖြစ်သည်။

သီရိမင်္ဂလာဈေးကို အခြေပြု၍ ဧရာဝတီတိုင်းမှ ဝါးခယ်မ၊မြောင်းမြ၊ မရှိမဖြစ် ငရုတ်သီးစိမ်းဈေးကွက်မှာ ရာသီဦးတွင် ဈေးကောင်းမြဲဖြစ်သော်လည်း ယခုရက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်မှ အလုံးအရင်းဖြင့် တင်ပို့လာ၍ ငရုတ်သီးစိမ်းဈေးမှာ သိသာစွာ ကျဆင်းနေသည်ဟုဆိုသည်။ ဇွန်လကုန်ပိုင်းတွင် မအူပင်ဒေသမှ ငရုတ်သီးစိမ်းရာသီကုန်၍ ပျဉ်းမနား၊ တပ်ကုန်းနှင့် ညောင်ရမ်းဒေသတို့မှ ငရုတ်သီးစိမ်းများ ဈေးကွက်တွင် ဝင်ရောက်လာမည်ဖြစ်သည်။ မိုးမျှော်ငရုတ်သီးစိမ်းမှာ တစ်ပိဿာ ကျပ် ၇၀၀၊ ကျပ် ၈၀၀ရှိပြီး ပီနံသီးမှာ ကျပ် ၁၃၀၀ခန့် အရောင်းအဝယ် ဖြစ်နေသည်။ လက်ရှိအချိန်တွင် မအူပင်

ရောင်းသူ၊ဝယ်သူ၊ဈေးဆိုသူနှင့် ဂေါ်ဖီထုပ်ချိုချို၊ ဈေးချိုချို။

အဓိကရောင်းဝယ် ဖောက်ကားဖြန့်ဖြူးပေးလျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့သည်အမယ်စုံလင်၍ ပမာဏကြီးစွာ ရောင်းဝယ်ဖြန့်ဖြူးနေသည့် ကုန်စိမ်းဈေးသို့ သွားရောက်၍ ယခုရက်ပိုင်းအတွင်း ကုန်ထွက်လှိုင်၍ ဈေးနှုန်းသိသာစွာ ကျဆင်းလာသည့် ရာသီသီးနှံအချို့၏ ဈေးကွက်အနေအထားကို လေ့လာခဲ့ရာတွင် ရှေးဦးစွာ ဂေါ်ဖီထုပ်ဒိုင်များသို့ ဦးစွာဝင်ရောက်ခဲ့သည်။

ဂေါ်ဖီထုပ်သည် အများအပြား စိုက်ပျိုးထုတ်လုပ်၍ ၁၂ ရာသီ မပြတ် ဈေးကွက်တွင် တွေ့ရှိနိုင်သည်။ ယခုရာသီတွင် ပဲခူးတိုင်း အနောက်ခြမ်းဒေသမှ အုတ်ဖို၊ မင်းလှမြို့နယ်တို့တွင် ရာသီကုန်ပြီဖြစ်သော်လည်း ပဲခူးတိုင်းအရှေ့ခြမ်း ဒိုက်ဦးမြို့နယ် ဘိုင်းဒါးမှ ဂေါ်ဖီထုပ်များ ဈေးကွက်သို့ စတင်ဝင်ရောက် နေပြီဖြစ်သည်။ ထို့နည်းတူ မန္တလေးတိုင်းတပ်ကုန်းမြို့မှဝင်လာသော ဂေါ်ဖီထုပ်တင်ကားကြီးများအစီအရီရပ်၍ ကုန်ချနေသည်ကိုလည်း တွေ့ခဲ့ရသည်။

လက်ရှိ သီရိမင်္ဂလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်များကို အရွယ်ဒေးဒရဲ၊ ဖျာပုံနှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်သို့ပါ တင်ပို့ရောင်းချရကြောင်း သိရသည်။

ဂေါ်ဖီထုပ်နှင့်အပြိုင် သီးနှံအထွက်လှိုင်ပြီး ဈေးကွက်သို့ အလျှဉ်မပြတ်စီးဝင်ကာ ဈေးနှုန်းအထူးချိုသာလာနေသည်မှာ ခရမ်းချဉ်သီးဖြစ်သည်။ ၁၄ ပိဿာဝင်ဆံ့သည့် ခရမ်းချဉ် သေတ္တာတစ်လုံး၏ ပေါက်ဈေးမှာ ကျပ် ၁၃၀၀ ဖြစ်သည်။ ယခုရာသီတွင် ရန်ကုန်တိုင်း ခရမ်းနှင့် သုံးခွမြို့နယ်များတွင် စိုက်ပျိုးကြသည့် ခရမ်းချဉ်သီးများ လှိုင်လှိုင်ပေါ်ပြီဖြစ်၍ လက်လီဈေးကွက်တွင်ပါ သိသာစွာ ဈေးနှုန်းကျဆင်းနေပြီဖြစ်သည်။ ဧပြီလဆန်းပိုင်းအတွင်း မုံရွာဘက်မှ ပေါ်သော ခရမ်းချဉ်သီးများ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ပြီး နာမည်ကျော် အင်းလေးဒေသမှ ခရမ်းချဉ်သီးများကို ဇွန်လတွင် စားသုံးကြရမည်ဟု သိရသည်။

ခရမ်းချဉ်သီးကို ယခင်ကသစ်သားသေတ္တာများဖြင့် ထည့်သွင်းတင်ပို့ခဲ့သော်လည်း ကုန်တန်ဖိုးနှင့် ထုပ်ပိုးစရိတ် အချိုးမညီခြင်းကြောင့်ပလတ်စတစ်အိတ်ကွဲများဖြင့် ပြောင်းလဲထည့်သွင်းတင်ပို့လာသည်ကို သတိပြုမိသည်။

ခရမ်းချဉ်သီး

ထုပ်ပိုးမှုပုံစံသစ်နှင့် ဈေးကွက်ဝင်လာသည့် ခရမ်း၊ သုံးခွမှ ခရမ်းချဉ်သီး။

သစ်သီးဈေးကွက်

သစ်သီးဈေးကွက် အလှည့်အပြောင်းမှာ ရောင်းကောင်းဆဲပန်းသီး။

ငရုတ်သီးစိမ်းများ မြေလတ်သို့ ခြေဆန့်နေချိန်ဖြစ်သည်။

ယခုရက်ပိုင်းတွင် သစ်သီးဈေးကွက်မှာ ရောင်းပန်းသာ၍ ဝယ်ပန်းပွင့်နေချိန်ဖြစ်သည်။ သစ်သီးဈေးကွက်တွင် ပန်းသီး၊ သစ်တော်သီး၊ သစ်တော်မွှေး၊ ကမ္ဗလာ၊ မိုင်းဆတ်လိမ္မော်တို့ အနုတ်အသိမ်းကောင်းနေသည်။ ယခုရက်ပိုင်း၌ ငါးဆူတောင်နာနတ်သီးများ ဈေးကွက်တွင် ဝင်ရောက်လာသည်။ နယ်စပ်ကုန်သွယ်ရေးမှ တိုက်ရိုက်ဝင်ရောက်လာသည့် သစ်သီးမှာ ပန်းသီးဖြစ်၍ အရောင်းအတွင်ဆုံးဖြစ်သည်။ ပုံမှန်ပန်းသီးတစ်ဖာတွင် ၁၄ကီလိုဂရမ်၊ လုံးရေ ၅၅မှ ၆၀ အထိ ပါဝင်ပြီး ယခင် ကျပ် ၁၇၀၀၀၊ ကျပ် ၁၈၀၀၀ အထိရှိခဲ့ရာမှ ယခုအခါ ကျပ် ၁၂၀၀၀ မှ ကျပ် ၁၁၀၀၀အထိ ဈေးကျဆင်းလာသည်။ သီရိမင်္ဂလာဈေးတွင် ပန်းသီးဒိုင်ငါးခုမှ မွန်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် မြေလတ်ပိုင်းတွင် ပြည်၊ အောင်လံ၊ မကွေးအထိ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ တရုတ်နှစ်ကူးရာသီနှင့် တိုက်ဆိုင်နေ၍ ပိုမိုအရောင်းသွက်ကာ နေ့စဉ် ပန်းသီးဂျပ်ဖာနှစ်သောင်းနီးပါး ဝင်ရောက်နေသည်။

ခရီးလမ်းပန်း ဆက်သွယ်မှု လွယ်ကူချောမွေ့လာခြင်း၊ စိုက်ပျိုးနည်းစနစ်တိုးတက်လာခြင်း၊မြေလွတ်မြေလပ်များဖော်ထုတ်၍ စိုက်ဧရိယာတိုးချဲ့ခြင်းနှင့် ဈေးကွက်လိုအပ်ချက်ထက် သီးနှံထွက်ကုန်တိုးမြင့် လာခြင်းတို့ကြောင့် စားသုံးသူတို့ သက်သာပေါများစွာ စားသုံးကြရသည်။

ဈေးကွက်တွင် စုပုံပိုလျှံလာ၍ အလဟဿ ပျက်စီးတတ်သော သဘာဝရှိသည့် ကုန်စိမ်းတို့ကို အသွင်ပြောင်း ကုန်ချောအဆင့်ဆင့်သို့ ပြောင်းလဲထုတ်လုပ်နိုင်ပါက စိုက်ပျိုးထုတ်လုပ်သူနှင့် ရောင်းဝယ်ဖောက်ကားသူတို့အတွက်တန်ဖိုးမြှင့် ဈေးကွက်သစ်များ ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ထုပ်ပိုးသယ်ဆောင်တင်ပို့ရမည့် ဝန်ဆောင်စရိတ်များ အချိုးညီညီ ရှိမည်ဆိုပါက စိုက်သူ၊ ရောင်းသူနှင့် စားသုံးသူတို့သုံးနားညီ အကျိုးခံစားရရှိမည်ဖြစ်ပေသည်။ ။

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် ဘုရားဖြူ စိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၇ရက်(စနေနေ့)တွင် ညောင်ပင်သာအရှင်မာလာစာရ(မိုးကုတ်)၊ ၂၄ရက်(စနေနေ့)တွင် မေတ္တာရှင် အရှင်ဇဝနနှင့် ၂၅ရက်(တနင်္ဂနွေနေ့) တွင် အောင်ဆန်းမိုးကုတ် အရှင်သဒ္ဓမ္မကိတ္တိသာရတို့က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ည ၇နာရီတွင် တရားတော်များချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

(၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်၊ တောင်သူကုန်းရပ်ကွက်၊ ဝါခင်းတောင်ကျောင်းတိုက် ဇေယျာဘုမ္မိအောင်သိဒ္ဓိအေး စေတီတော် မြတ်ကြီး၏ (၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဝါခင်းကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကြီးမှူး၍ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) ည၇နာရီမှစ၍ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနာတက္ကသီလ ဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တကောဝိဒက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်သည်။

ဖေဖော် ဝါရီ ၂၆ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ပင့်သံဃာအရှင်မြတ်တို့အား သင်္ကန်းစသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်ပြီး နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ရာ အလှူရှင်များနှင့် တရားနာလိုသူများ အချိန်မီကြွရောက်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

မိဘကျေးဇူးဆပ် တရားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက် မာလာမြိုင် ၈လမ်းတွင် ဓမ္မဒါနအလှူရှင် ဦးတင်ဦးမှ မိဘကျေးဇူးဆပ် တရားပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ရက်တွင် မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ ၁၇ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ ၁၈ရက်တွင်တံ့တေးဆရာတော် အရှင်ဣန္ဒက၊ ၁၉ ရက်တွင် ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ အရှင်သူမြတ်တို့က ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ တောင်တွင်းကြီး–မကွေး ခရီးစဉ်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ တောင်တွင်းကြီး–မကွေး ခရီးစဉ်ကို ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ တွင် တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် တောင်တွင်းကြီးမြို့အထွက်မှ ဗိသနိုး ရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၊ ကုက္ကိုခွ၊ သစ်ရာကောက်၊ ယင်းချောင်းတံတားတို့ကို ဖြတ်သန်းပြီး မကွေးမြို့သို့ နံနက် ၈ နာရီခွဲခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ တောင်တွင်းကြီး–မကွေး ခရီးစဉ် စက်ဘီးစီးပြိုင်ပွဲ၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်၌ ပြည်သူများက လမ်းဘေး ဝဲ၊ ယာမှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြသည်။

တောင်တွင်းကြီးမြို့မှ ပြိုင်ပွဲဝင် ၈၀ တာထွက်ယှဉ်ပြိုင်ရာ မကွေးမြို့သို့ ၇၈ ဦး အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ မကွေးမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူသုံးဦးမှာ မြင့်အေး(ဘဏ္ဍာ/အခွန်)က ပထမ၊ ဝင်းလှိုင်(လယ်/ဆည်)က ဒုတိယ၊ သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က တတိယ ရရှိကြသည်။

တောင်တွင်းကြီး–မကွေး ခရီးစဉ်အတွက် ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် မကွေး တက္ကသိုလ် ဗိသနိုး အမျိုးသားဆောင်၌ကျင်းပရာ မကွေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တတိယရရှိသော သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)အား ငွေကျပ်တစ်သောင်း၊ မကွေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဒုတိယရရှိသော ဝင်းလှိုင်(လယ်/ဆည်)အား ငွေကျပ်နှစ်သောင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပထမရရှိသော မြင့်အေး (ဘဏ္ဍာ/အခွန်)အား အဝါရောင်အင်္ကျီနှင့် ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ မကွေး–ကျောက်ပန်းတောင်း ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၆ နာရီခွဲတွင် စတင်တာလွှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဂျူဒိုပဏာမ လူရွေးချယ်ပွဲတွင် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ (–၅၇)ကီလိုတန်းမှ သန္တာဝင်း(စက်မှု–၁) အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဆုချီးမြှင့်စဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

အိုလံပစ်ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းအား တွေ့ဆုံမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ် အမျိုးသမီးခြေစစ် ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီး ဘောလုံးအားကစားအဖွဲ့အား တွေ့ဆုံမှာကြားခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား မြန်မာအမျိုးသမီး ဘောလုံး အားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဘန်နီတင်အောင်နှင့် မြန်မာအမျိုးသမီး ဘောလုံးအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အသင်းနည်းပြဆရာတို့က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ဂါး–မြန်မာ ဂေါက်သီးရိုက်ပြိုင်ပွဲ နေဗလဝင်းမြင့် ဆက်လက်ဦးဆောင်နေ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2007) ၏ တတိယနေ့ (၁၈) ကျင်း ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ နေဗလဝင်းမြင့်ကပင် ဆက်လက် ဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်က (၇၀+၇၆+၇၄) ပေါင်း ၂၂၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်းက (၇၄+၇၇+၇၂)ပေါင်း (၂၂၃)ချက်ဖြင့် ဒုတိယလိုက်နေပြီး ရန်နိုင်ဖြိုးက (၇၅+၇၄+၇၇)၊ ဘိုဘိုက (၇၅+၇၄+၇၇)ပေါင်း ၂၂၆ ချက်စီဖြင့် တတိယလိုက်နေကြကာ ရန်မျိုးအေးက (၇၂+၇၆+၇၉)၊ ဌေးအောင်ဌေးက (၇၄+၇၅+၇၈) ပေါင်း ၂၂၇ ချက်စီဖြင့် စတုတ္ထနေရာ၌ လိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်၍ Co-sponsors များအဖြစ် Alpine Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay, Osim နှင့် Accel International Co., Ltd. (CANON) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၆ရက် နံနက် ၈နာရီတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲတွင် ဒုတိယလိုက်နေသော အောင်ဝင်း ယှဉ်ပြိုင်နေစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အင်တာနက် အားကစားသတင်းများ

ကမ္ဘာ့ဘောလုံးအဆင့်အတန်းသတ်မှတ်ချက်တွင် ထိပ်ဆုံးနေရာသို့ အီတလီအသင်းရောက်လာ

ဇူးရစ် ဖေဖော်ဝါရီ ၁၅

ကမ္ဘာ့ဖလားလက်ရှိ ချန်ပီယံ အီတလီသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်စာရင်းတွင် ထိပ်ဆုံးရှိနေသော ဘရာဇီးအသင်းနေရာ၌ အစားထိုးရောက်ရှိလာကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘရာဇီးအသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဖီဖာ၏ ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်စာရင်း၌ ထိပ်ဆုံးနေရာကို လက်လွှတ်လိုက်ရသည်။ ဘရာဇီးအသင်းသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အနိုင်ရရှိခဲ့သော်လည်း လွန်ခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို အရှုံးပေးခဲ့ရသည်။

အီတလီအသင်းသည် ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် ဖီဖာ၏ ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်စာရင်း၌ ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ လွန်ခဲ့သည့်လေးနှစ်တာကာလအတွင်းရရှိခဲ့သည့် ပြိုင်ပွဲရလဒ်များနှင့် မကြာသေးမီက ယှဉ်ပြိုင်ကစားခဲ့သည် ပြိုင်ပွဲရလဒ်အများအပေါ် အခြေခံကာ ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်ကို ဖီဖာက ထုတ်ပြန်ခဲ့သည်။ **အင်တာနက်**

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခဲ့သည့် အီတလီအသင်းမှ ကင်နာဗာရိုး။ *(ဓာတ်ပုံ–အင်တာနက်)*

ဒေးဗစ်ဘက်ဟမ်း

ဖေဖော်ဝါရီ ၁၀ ရက်က စပိန်နိုင်ငံ ဆန်ဆီဘက်ရှန်ဖို့တွင် ကျင်းပသည့် လာလီဂါဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်ဆိုဆီဒက်အသင်းသို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်း အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ချန်ပီယံလိဂ် ဘောလုံးပွဲနှစ်ပွဲ ဆန်စီယိုကွင်းတွင် ကျင်းပမည်

ပါရီ ဖေဖော်ဝါရီ ၁၅

အီတလီနိုင်ငံ မီလန်မြို့ အခြေစိုက် ကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိမည့် ချန်ပီယံလိဂ်ဘောလုံးပွဲနှစ်ပွဲကို ဆန်ဆီယို အားကစားပြိုင်ကွင်းတွင် ကျင်းပရန် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က အီတလီဘောလုံးအဖွဲ့ချုပ်ကို ခွင့်ပြုပေးလိုက်ကြောင်း၊ သို့ရာတွင် ပွဲကြည့်ပရိသတ်ဦးရေကို ကန့်သတ်မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင်ဖော်ပြသည်။

အင်တာမီလန်နှင့် ဗလင်စီယာအသင်းတို့၏ ၁၆ သင်းအဆင့် ပထမအကျော့ပွဲကို အင်္ဂါနေ့တွင် ကျင်းပသည့်အခါ ပွဲကြည့်ပရိသတ် ၃၆၀၀၀ အထိသာ ခွင့်ပြုပေးရန် ယူအီးအက်ဖ်အေက ညွှန်ကြားထားသည်။ ဖော်ပြပါ ဦးရေ၏ ငါးရာခိုင်နှုန်းမှာ ဧည့်သည်ပရိသတ်အတွက်ဖြစ်သည်။

အေစီမီလန်နှင့် ဆဲလ်တစ်အသင်းတို့၏ပွဲကို မတ် ၇ ရက်တွင် ကျင်းပရန်ရှိပြီး ပွဲကြည့်ပရိသတ်ဦးရေမည်မျှခွင့်ပြုပေးမည်ကို မဆုံးဖြတ်ရသေးပေ။

အီတလီနိုင်ငံတွင် ဘောလုံးပွဲလုံခြုံရေး အစီအစဉ်များကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိသည်။ **အင်တာနက်**

အိုးလ်ထရက်ဖို့ဒ်ကွင်းသို့ ဒေးဗစ်ဘက်ဟမ်း ရောက်လာမည်

မန်ချက်စတာ ဖေဖော်ဝါရီ ၁၅

ဒေးဗစ်ဘက်ဟမ်းသည် ၎င်း၏ကလပ်အသင်းဟောင်း မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ဘောလုံးပွဲအတွက် ၂၀၀၃ ခုနှစ်နောက်ပိုင်း အိုးလ်ထရက်ဖို့ဒ်ကွင်းသို့ ပထမဆုံးအကြိမ် ပြန်လာမည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကျင်းပမည်

ဒေးဗစ်ဘက်ဟမ်းသည် ဥရောပ All-Star (II) ဘောလုံးအသင်း၏ အသင်းဝင်တစ်ဦးဖြစ်ပြီး မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် အင်္ဂလန်သို့ လိုက်ပါလာမည်ဖြစ်သည်။ ဥရောပဘုံဈေး ထူထောင်ခဲ့မှု နှစ်၅၀ပြည့် အထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲကို အိုးထရက်ဖို့ဒ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

လာမည့် မတ် ၁၃ ရက်တွင် အိုးလ်ထရက်ဖို့ဒ်ကွင်း၌ မိမိတို့ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း၊ ယင်းဘောလုံးပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိသဖြင့် မိမိပျော်ရွှင်မိကြောင်း ဘက်ဟမ်းက ပြောကြားသည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းသည် ၂၀၀၃ ခုနှစ်တွင် ရီးယဲလ်မဒရစ်အသင်းသို့ မပြောင်းရွှေ့မီအထိ မန်ချက်စတာယူနိုက်တက်အသင်းတွင် ပွဲပေါင်း ၄၀၀ နီးပါး ပါဝင်ကစားခဲ့သည်။ **အင်တာနက်**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ခင်စွာအတူတကွနေထိုင်ပြီး မိမိတို့ယုံကြည်ရာဘာသာများကို လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်ရှိ

CSW ၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအားပျက်စီးစေလိုသူတို့၏ ပူးပေါင်းလုပ်ကြံမှုဖြစ် မဟုတ်မမှန်သည့် အချက်အလက်များ ဖော်ပြစွပ်စွဲထားခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide - CSW) ကလည်း ၂၃–၁–၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ် ဖော်ပြမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၁၇ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့် အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	ပင်ရင်းမြန်မာစာဘာသာရပ်	၁၇–၂–၂၀၀၇
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၁၈–၂–၂၀၀၇
၃။	အင်္ဂလိပ်စာဘာသာရပ်	၁၉–၂–၂၀၀၇
၄။	သင်္ချာဘာသာရပ်	၂၀–၂–၂၀၀၇
၅။	ရူပဗေဒဘာသာရပ်	၂၁–၂–၂၀၀၇
၆။	ဓာတုဗေဒဘာသာရပ်	၂၂–၂–၂၀၀၇
၇။	ဇီဝဗေဒဘာသာရပ်	၂၃–၂–၂၀၀၇
၈။	သမိုင်းဘာသာရပ်	၂၄–၂–၂၀၀၇
၉။	ပထဝီဝင်ဘာသာရပ်	၂၅–၂–၂၀၀၇
၁၀။	ဘောဂဗေဒဘာသာရပ်	၂၆–၂–၂၀၀၇

ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့များက မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေး အရေးယူနိုင်ရေးအတွက် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ပြည်တွင်း ပြည်ပ အချိန်ကိုက် ဟန်ချက်ညီ ပူးပေါင်းလုပ်ကြံလျက်ရှိ

၂၀၀၂ က Licensed to Rape အစီရင်ခံစာဖြင့် ကုလသမဂ္ဂမှ အရေးယူရေး SWAN အဖွဲ့က လုပ်ကြံခဲ့သည့်အတိုင်း ဆက်လက်ဖိအားပေး အရေးယူနိုင်ရေးအတွက် တစ်ဖက်နိုင်ငံအခြေစိုက် ကရင်အမျိုးသမီးအစည်းအရုံး ဆိုသည့်အဖွဲ့က ယခုအခါတစ်ထပ်တည်း ထပ်မံလုပ်ကြံဖန်တီးစွပ်စွဲမှုပြုလုပ်လာ

ဘာသာရေးကိုခုတုံးလုပ်ပြီး မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်အမြတ်ထုတ်ရန် CSW နှင့် ပူးပေါင်းလုပ်ကြံခဲ့သော်လည်း မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့်ရှိကြောင်း လက်တွေ့သိမြင်နေသည့် အသင်းအဖွဲ့များက ကန့်ကွက်ပယ်ချခဲ့

အရွယ်မရောက်သူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍လည်း မဟုတ်မမှန်ကြောင်းကို သက်သေသာဓကများနှင့်တကွ တာဝန်ရှိသူများက သံတမန်များအား အကျယ်တဝင့်ရှင်းလင်းပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်နိုင်ရန်အတွက် အမေရိကန်နှင့်ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်(Resolution) မူကြမ်းတင်သွင်းခဲ့သော်လည်း ဗီတိုအာဏာ(Double Veto)ဖြင့် ပယ်ချခံခဲ့ရသည်။

၎င်းတို့၏ တစ်ဖက်စောင်းနင်းလုပ်ရပ် ယခုကဲ့သို့ အရေးနိမ့်ရပ်တန့်သွားသော်လည်း အမေရိကန်အစိုးရ၊ ဗြိတိန်အစိုးရနှင့် ၎င်းတို့၏လက်ပါးစေလက်ဝေခံများက မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေး အရေးယူနိုင်ရေးအတွက် နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများ ဖြစ်ပွားစေရန် ပြည်တွင်းပြည်ပ အချိန်ကိုက်ဟန်ချက်ညီ ပူးပေါင်းလုပ်ကြံလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း ပြည်သူများအတွင်း ဝေဖန်သုံးသပ်နေကြသည်ဟု သိရှိရသည်။

ယင်းသို့ ပြည်သူလူထုအတွင်း ဝေဖန်သုံးသပ် ပြောကြားနေမှုများမှာ—

ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လတ်တလောပူးပေါင်းလုပ်ကြံမှုများအနက် တစ်ခုမှာ တစ်ဖက်နိုင်ငံအခြေစိုက် ကရင်အမျိုးသမီးအစည်းအရုံး(KWO) ဆိုသည့်အဖွဲ့က ယခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ပြီး တပ်မတော်က ကရင်တိုင်းရင်းသူများကို မတော်မတရား ပြုကျင့်မှု၊ သတ်ဖြတ်မှု၊ အတင်းအဓမ္မစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှုများကို လက်နက်သဖွယ် အသုံးပြုနေသည့်အပြင် ကရင်တိုင်းရင်းသားများ ပျောက်ကွယ်သွားအောင်ပါ လုပ်ဆောင်နေသည်ဟု မဟုတ်မမှန်လုပ်ကြံစွပ်စွဲလာခြင်းဖြစ်ကြောင်း။

KWO ဆိုသည့်အဖွဲ့၏ အစီရင်ခံစာပါ လုပ်ကြံစွပ်စွဲမှုသည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂမှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လွန်ခဲ့သည့် ၂၀၀၂ ခုနှစ် မေလ၌ ရှမ်းအမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ရေး SWAN ဆိုသည့်အဖွဲ့က ရှမ်းတိုင်းရင်းသူများအပေါ် တပ်မတော်က Licensed to Rape လုပ်နေသည်ဟူသော အစီရင်ခံစာပါ လုပ်ကြံစွပ်စွဲမှုနှင့် တစ်ထပ်တည်းဖြစ်နေကြောင်း။

ထိုစဉ်က SWAN ဆိုသည့်အဖွဲ့အား အကြမ်းဖက်သောင်းကျန်းသူ SSA-S ရှက်ဆစ်အဖွဲ့နှင့် ပြည်ပဆန့်ကျင်ဘက်အဖွဲ့များက ငွေကြေးထောက်ပံ့မြှောက်ပင့်ပေးပြီး ယင်းအစီရင်ခံစာကို မဟုတ်မမှန်လုပ်ကြံဖန်တီး ရေးသားစေခဲ့ခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ၎င်းအစီရင်ခံစာပါ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❃**